Bibliographic Data

Author	ရီရီ ၊ ဒေါက်တာ — Yi Yi , Dr. — Ri¯ Ri¯ , Dok‘ ta¯ — **Art.** YI0002A
Article Title	ကုန်းဘောင်ခေတ်ဦး မြို့နယ်အုပ်ချုပ်ပုံ (The Administration of the Early Konbaung period) Kon‘" bon‘ khet‘ U¯" mrui' nay‘ 'up‘ khyup‘ pum
Title (Book/Serial)	ပြည်ထောင်စု မြန်မာနိုင်ငံ စာပေ နှင့် လူမှုရေးသိပ္ပံ ဂျာနယ် Union of Burma Journal of Literary and Social Sciences
Issue and Volume	Vol. 1 , No. 2
Edition	
Place/ Publisher	
Distributor	
Ed. Date	May. 1968
Pagination	p. 343 - 395
Annotation	An analysis of the early Konbaung administration, in three section: Section 1 deals with the officer-in-charge of provincial administrative units according to different localities, the hereditary nature of these posts, and matters pertaining to their succession and abdication. Section 2 describes the customary provincial administration - land tenure, forms of taxation, industries and other activities according to localities. Section 3 describes directives issued by the central government regarding appointments, transfers and dismissal of those in charge of districts and administrative units, taxation, maintenance of law and order, bribery and corruption, rehabilitation officers and reconstruction of rural areas, as well as other miscellaneous matters.
Subject Terms	1. Myanmar - Politics and government 2. Myanmar - History - Early Konbaung Period 3. Taxation - Myanmar
Key Words	1. Administration 2. Governor of a Town 3. Revenue 4. Taxes

ကုန်းဘောင်ခေတ်ဦး မြို့နယ်အုပ်ချုပ်ပုံ

ဒေါက်တာ ရီရီ

မြန်မာနိုင်ငံ သမိုင်းကော်မရှင်၊ ရန်ကုန်

ဒေါက်တာ ရီရီ။ ။ကုန်းဘောင် ခေတ်ဦး မြို့နယ်အုပ်ချုပ်ပုံ။ ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် လူမှုရေး သိပ္ပံဂျာနယ် (၁၉၆၈) ၁၊ ၃၄၃—၃၉၅။ မြို့နယ်အုပ်ချုပ်ပုံကို လူသိနည်းလှသဖြင့် ဤစာတန်းတွင် ကုန်းဘောင်ခေတ်ဦး မြို့နယ်အုပ်ချုပ်ပုံကို တင်ပြပါမည်။

ပထမခန်းတွင် မြို့နယ်အုပ်ချုပ်သူတို့ အကြောင်းကို တင်ပြပါမည်။ နယ်မြေအလိုက် မြို့ရွာအုပ်ချုပ်သူတို့ ကွဲပြားပုံ၊ ထိုသူတို့အုပ်ချုပ်ပုံ၊ အချို့နယ်များတွင် အုပ်ချုပ်သူတယောက်ထက် ပို၍ရှိပုံ၊ အရာဆက်ခံမည့် သားမြေးမရှိလျှင် နီးစပ်သူတို့ အရာဆက်ခံရသည်များကို ဖေါ်ပြပါမည်။ တခါတရံ အုပ်ချုပ်သူသည် လုပ်ငန်း တာဝန်များကို တဦးတယောက်အား လွှဲပြောင်းပေးပုံ၊ အရာခံရမည့်သူ ငယ်ရွယ်သေးသဖြင့် ရင်ခွင်ပိုက်အဖွဲ့နှင့် အုပ်ချုပ်ရပုံနှင့် အုပ်ချုပ်သူ မျိုးရိုးပြတ်လပ်လျှင် အခြားမှ ခန့်ထားရသည်များကိုလည်း တွေ့ရ၏။ ရာထူးကို ဆက်ခံသောအခါနှင့် လွှဲပြောင်းသောအခါ လိုက်နာရသော ကျင့်ထုံးများနှင့် အရာ လုဆိုမှုအကြောင်းများကို အနည်းငယ် တင်ပြပါမည်။ ယင်းနောက် အရာကို ဆက်ခံသောအခါ ပေးရသော လက်ဆောင်၊ ဘုရင့်ထံမှရရှိသော အဆောင်အရွက် အစီးအနင်း၊ နှစ်စဉ်ဆက်သရသော ကန်တော့ လက်ဆောင်များနှင့် သဂြိုဟ်ထုံးများကို ဆက်လက်တင်ပြပါမည်။

ဒုတိယခန်းတွင် မြို့နယ်များမှ ပေးရသောအကောက်အခွန်များကိုသိရှိစေရန် တလုပ်မြို့၊ စလေမြို့၊ ပုဂံမြို့၊ ကျောက်ဆည်မြို့၊ မုတ္တမမြို့၊ ဟံသာဝတီမြို့ စသော မြို့များ၏ အစုအစဉ်နှင့် စစ်လက်နက်ကိုင် တိုင်သူရင်း မင်းမှုများသည် မြို့ရွာအလိုက် ကွဲပြားခြားနားပုံများကိုလည်း တင်ပြပါမည်။

တတိယခန်းတွင် ဗဟိုမှ မြို့နယ်ကို ချုပ်ကိုင်ပုံ၊ အရာထမ်းများ ခန့်ထား၊ ပြောင်းရွှေ၊ နုတ်ဖယ်အပြစ်ပေးပုံ၊ မြို့စား ရွာစား ပေးခြင်း စသည်များနှင့် ဗဟိုမှ အခွန်အကောက်၊ ခိုးသေးမီးပွါးနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက် အချို့ကို တင်ပြပါမည်။ ၎င်းနောက် အရာထမ်းများ တံစိုးကြေးငွေ စားသည့်အတွက် အပြစ်ပေးပုံ၊ ဘုရင်မင်းမြတ်အား ဆက်သရမြဲ လက်ဆောင်များပြင် အလိုတော်ရှိသောအခါဆက်သရ သည်များကို ဖေါ်ပြပါမည်။ ၎င်းနောက် တနိုင်ငံလုံးနှင့်ဆိုင်သော အမိန့်တော် အချို့နှင့် ထူးခြားသော အမိန့်တော် တရပ်ကိုလည်း တင်ပြပါမည်။

မြို့ရွာအုပ်ချုပ်သူများ

မြို့ရွာကိုအုပ်ချုပ်သည့် အရာထမ်းများမှာ မြို့ကို မြို့သူကြီး၊ တိုက်နယ်ကို တိုက်သူကြီး၊ ရွာကို ရွာသူကြီး စသည်တို့ဖြစ်ကြပါသည်။ ဤအရာထမ်းတို့ကား၊ ပုဂံခေတ်ကပင် ရှိခဲ့ကြ၏။[၁] သို့ရာတွင် အချို့မြို့ရွာများ၌ သူကြီးအစား ပြည်စိုးဆိုသူက ရှေးကပင် အုပ်ချုပ်ခဲ့သည်။ အဝခေတ် ကျောက်စာများအရ ပြည်စိုးမှာ ရွာသူကြီးထက် အဆင့်အတန်းမြင့်ပုံရသည်။

ရွာသူကြီစသော အသည်ဟိုဝ် ပြည်စိုဝ်ကိုဝ် ဆိုဝ်လေ၏[၂]
ပြည်စိုဝ် ရွာသူကြီ အသည်စသော ငါနှယ်[၃]
ပြည်စိုဝ် ရွာသူကြီ အသည်မျာတိုဝ် စာသောက်သကာ[၄]
ရွှေပြည်စိုဝ်မွှစ်သာသူကြီ[၅]
စကိုင်ပြည်စိုဝ် မဟာသမန် ဆင်မတာစိ ရွှေထာတစင်[၆]

စသဖြင့် တွေ့ရသေရကား၊ ရွာသူကြီး ရှေးကပြည်စိုးကို ထားခြင်းကိုထောက်၍ ပြည်စိုးမှာ ရွာသူကြီးထက် အရာမြင့်သည်ဟု ထင်ရပေ၏။ ကုန်းဘောင်ခေတ်တွင် မြို့သူကြီးမရှိ ပြည်စိုးသာရှိသောမြို့တမြို့မှာ ပုဂံမြို့ဖြစ်ပေသည်။ ပုဂံမြို့ ၁၁၂၇ ခုစစ်တန်းတွင်—

မြို့တွင်းစီရင်ရိုး မင်းသားလေး ပြည်စိုး ၄ စချီ ၄[၇]

ဟူ၍တွေ့ရသည်။ သို့ရာတွင် ၁၁၄၅ ခုစစ်တန်း၌ ပြည်စိုးနေရာတွင် မြို့သူကြီးဟူ၍၎င်း၊ မြေတိုင်ဟူ၍၎င်း တွေ့ရကား၊ ပြည်စိုးနှင့် မြို့သူကြီးမှာ ထပ်တူထပ်မျှပင် ဖြစ်မည်ဟု ယူဆရ၏။ မြို့သူကြီးထက်အဆင့်နိမ့်၍ ရွာသူကြီးထက် အရာမြင့်သော ပြည်စိုးတမျိုးလည်း ရှိသေးသည်။ တရှင်းတိုင်မြို့ ၀ကျေး၌ တောင်ဆင်းပြည်စိုး၊ တောင်နောက်ပြည်စိုး၊ တောင်ရှေ့ပြည်စိုးဟူ၍ ရွာအများကို အုပ်ချုပ်ရသူတို့ရှိ၏။[၈] အချို့မြို့ရွာများတွင် စစ်

သားဆိုသူက အုပ်ချုပ်ရသည်။ ထိုအရာထမ်းတို့မှာ ပုဂံခေတ်နှင့် အဝခေတ်တွင် ပိုမိုပေါ်များခဲ့၏။ ပုဂံခေတ် ကသန်စစ်သား အကြောင်းကို အားလုံးသိကြပြီးဖြစ်၍ အထူးဆိုဘွယ်မရှိချေ။ အဝခေတ်တွင်——

သကရစ် (၆) ၆၆ ခုအသတ်နှစ်အာ ကဆုံမ့်လွှန် ၄ ရက် ၅ နိယ်အာ စစ်သူကြီ စစ်သာ (သမ္ဘူ)(က) ခင် စည်အရပ်နှက် [၁၀]

ပြည်စိုဝ်စစ်သာခေလျှောင်ကိုဝ်လှျုတ်မူသည် [၁၁] မင်ပြည်စိုဝ်စစ်သာခွန်တံ [၁၂]

ကိုဝ်ရံတွင် အကြိ္ဖစ်သော စစ်(သာသသည်)မင်ရဲကြိ လျှောင်နိုက်ဆင်ပုသပ်ပယ်စွာ လွှ့ရှယ် [၁၃]

ဟူ၍တွေ့ရ၏။ ကုန်းဘောင်ခေတ်တွင်မူ ညောင်ဦးမြို့နယ်၌သာ စစ်သားအုပ်စိုးသည်ကို တွေ့ရပေသည်။

အထောက်အထားများတွင် ညောင်ဦးမင်း စစ်သားအကြောင်းကိုတွေ့ရပုံမှာ——

လှျုသေဝ် မြေအတွင်းနိုက်။ အပေါ်ဝန် အကော်အစား တရားကွမ်းဘိုးကို စိုးပိုင်ကြပိုရကား။ ဇေယပူရစကိုင်မြို့ တည် ဖြစ်တော်မူသေဝ်။ မင်းတရားကြီး စကိုင်မြို့တွင်စံနေ တော်မူစည်။ ပုဂံစည်သူနှင့် စစ်သားအခြင်းများကြသေသ တေည်။ ငြင်ခုံစကားများတုံသည်ကား ဘုရားဇေယခုံဟူ သည်။ ရွှေစည်ခုံပင်ဟုတ်သဝ်မဟုတ်သဝ်။ အပြောဝန်ကျင် ၇၀၀ နှ်နှင် မြေသည်းရွှေစည်ခုံမြေ ဟုဘ်သဝ် မဟုတ်သဝ်။ သဘောကွဲပျား။ အခြင်းများကြ သေသတေည်။ မင်း တရားကြီးနာတော် ကြားသတ်သေဝ်ဘုံ။ နှစ်ဦးသားကို ရေ လား စီရင်တော်မူသတေည်။ ရေသိုလားမူ စည်သူတရား ရှုမ်းရကား။ စစ်သားအနိုးပိုင်စေ ဖြတ်တုံပေည်။ တရား ဖြတ်သောဝ်။ သက္ကရာဇ် ၁၁၂၄ ခု တော်သလင်းလွှန် ၁၄ ရက်နေ့လျှင်တည်။ ။ရတနာပူရ အင်းဝမြို့တည် ဆင်ဖြူရှင် မင်းတရားလက်ထက်ဘော်သည်း ပုဂံမြို့ဝန် ညောင်ဦးဘူကြီး တို့နှင့် စစ်သားအငြင် ထွက်ပြန်ရကား။ မင်းတရားသည်း ၂ ဘက်အငြင်း ထွက်ကြသေသည်ကို ဖြတ်စိမ့်သောဝ်ငှါ။ ဘုံစံဘုသွတ် ဆရာတော်အား နှင်တော်မူသေသတေည်။ ဆရာတော်သည်းရှေးအစည်စာဘန်းရှိသည်နှင့် ညှိသွတ်ဂေါ် မူချယ်။ ရှေးနှင့်မပျား။ စစ်သားနိုင်စေ ဖြတ်တုံလေသာ တေည်။ တရားဖြတ်သော သက္ကရာဇ်ကား ၁၁၃၄ ခု ကဆုံသပြည့်ကျော် ၁၃ ရက်နေ့လျှင်တည်း။ အမရပူရ ရွှေပြည်ကြီးသခင်ရွှေနန်းရှင်တရားမင်းကြီးလည်း။ ပုဂံရွှေ စည်းခုံ ကျော်စာကို အထက်ဖြတ်စာ ရှိသည်အတိုင်း ထိ ရယ်ထူမိန်တော် မူပြန်သတေည်။ ။ဤသို့ မှတ်သားပိုင် ချားလျက် မင်းအဆက်ဆက် လှျုဒါန်ကသည်အတိုင် ပုဂံရွှေစည်ခုံဘုရားမှာ။ ဝန်ကျင်းကလေလေးတာ ၇၀၀ စီ ရှင်နှင်နှင်သောဝ်မြေညွှေ့အတွင်နိုက်ဖြစ်သမျှသေဝ်။ အဘို့ အခွန် အပေါ်ဝန်အကော်အစားတရားကွမ်းဘိုး ခိုးစစ်ရိုး မှ ဆိပ်တည်ပွဲကုဘို ဈေးဆိုင်ကန္နား အကော်အစားများ ကို စစ်သားတို့က စီရင်ကောက်သိမ်ရယ်။ ဘုရားရှင်မှာ ဆိမ်းဝတ်။ သင်ပုတ်ဝတ်။ မပြတ်ပြုစိမ်သောဝ်ငှါ။ ဘုရား ရှင်တွင် ပြင်စင်လုပ်ဆောင်ဘွယ် ရှိသည်များကိုလည်း ပြင် စင် လုပ်ဆောင်စိမ့်သောငှါ။ [၁၄]

အထက်ပါကျောက်စာအရ ညောင်ဦးစစ်သား၏ တာဝန်မှာ ရွှေစည်းခုံဝတ်မြေမှ ထွက်သည့်အခွန်အတုပ်နှင့် ဘုရားကို ဝတ်ပြု ရန်ဖြစ်ပေသည်။ ထို့ကြောင့်တောင်ပုံတန်းအဝင်ဖေါင်ခွဲရွာမှ——

အပေါ်ဝန်တရားကွမ်းဘိုး ကျွဲဝင်နွားဝင်မှာ ညောင် ဦးမင်း စစ်သားက သိမ်းခံပါရသည်။ [၁၅]

ထို့အပြင်——

ညောင်ဦး အနောက်ရွာတွင် စစ်သားခန့်လျှင် အထက် စစ်သားတို့နည်း အစီးအနင်း အဆောင်အရွက် အသနား တော်ခံရသည် [၁၆]

ဟူ၍သည်းတွေ့ရ၏။

မြို့ရွာအချို့တို့တွင် သူကြီးအစား မြေတိုင်ဟူ၍ရင်း၊ သူကြီး အောက် မြေတိုင်ရှိသည်ဟူ၍ရင်း တွေ့ရသည်။ သမိုင်းစည်ကို ကြည့်လျှင် အဝခေတ်က မြေတိုင်မှာ ရွာသူကြီးလက်အောက်ခံ ဖြစ်သည်။

ပြည်စိုဝ် ရွာသူကြိ၊မြေတိုင်၊ ကာသာ။ အစဟိသ့်တိုဝ်၏ [၁၇]

ဟူ၍လာရှိသည်။ ကုန်းဘောင်ခေတ်ဦးတွင် မြေတိုင် မြို့သူကြီး ချုပ်အုပ်သည့်မြို့များမှာစလေမြို့၊ မကွေးရာမြို့၊ မြစ်သားမြို့ စသည် တို့ဖြစ်၍ ရွာများမှာ စလေမြို့ကျေး ဥယျာဉ်ရွာ၊ ဆင်ခြေတိုက် အဝင် အုန်းကွမ်းရွာ၊ တူရှင်းတိုင်မြို့ကျေး ကစပိရွာ (အမည်မသိ မြို့ကျေး) တောပျားရွာ၊ ပင်းတလဲမြို့ကျေး တောင်ဦးရွာတို့ ဖြစ်ပါသည်။ ရွာသူကြီးအောက် မြေတိုင်ရှိသည့် ရွာများမှာ ပုဂံမြို့ကျေး ဘောင်ပုံတန်းဘဂရွာအဝင် တောင်ပုံရွာ၊ မြစ်ခြေ ရွာ၊ ဖေါင်ကွဲရွာ စသည်တို့ဖြစ်၏။ [၁၈] ရွာသူကြီးလက်အောက် တွင် ကျေးကိုင်ဟူ၍လည်း အချို့ရွာများ၌ရှိသည်။ ကျေးကိုင် ရှိသည့်ရွာများ၌ မြေတိုင်မရှိချေ။ ပုဂံမြို့ကျေး၌ ကျေးကိုင်ရှိသည့် ရွာများမှာ တောင်ပုံတန်းအဝင် ဇီးကုန်းရွာ၊ ကူရွာ၊ ကျပ်ရွာ စသည်တို့ ဖြစ်ပါသည်။ အသောင်းမင်းတရားကြီး ဖြစ်မည့် ဦးအောင်ဇေယျသည် မဟာဓမ္မရာဇာဓိပတိ အမည်ခံ ဟံသာဝတီ ရောက် မင်းလက်ထက်က မုဆိုးဘိုမြို့တွင် ဗလနန္ဒကျော်အမည်နှင့် ကျေးကိုင်အရာကို ထမ်းရွက်ရသည်။ [၁၉]

ရွှေထွက်သည့်ဒေသများတွင် သူကြီးအစား မော်ခွင်ရွှေမှူး၊ ဂျီတောင်ရွှေမှူး၊ စက်တောရွှေမှူး စသည်ဖြင့် ရွှေမှူး ရွှေသူကြီး များရှိ၍၊ သံထွက်သည့်ဒေသများတွင် မော်လိုက်သံမှူး စသ ဖြင့် သံမှူးများက စီရင်ရသည်။ အချို့ဒေသများတွင် ထောင်မှူး များက အုပ်ချုပ်သည်။ ဥပမာ ကျောက်ပန်းတောင်းမြို့ကျေး

အင်ပျို့ရွာနှင့် ပုဂံမြို့ကျေး တောင်ဖက်တန်း အဝင် ဒရာရွာတို့တွင် ထောင်မှူးများက မှူးကြီးသည်။ ပုဂံမြို့ကျေးတွင် တန်းခေါင်း ဟူသည့် အရာထမ်းများကိုလည်း တွေ့ရ၏။ ၎င်းတို့မှာ တောင်ဖက်တန်း ၂၇ ရွာ၊ တောင်ပုံတန်း ၁၇ ရွာ၊ ကျော်တန်း ၁၀ ရွာ တို့ကို ခေါင်းကြီးစီရင်ကြရသည်။ မြင်းမြေ၊ မြင်းရွာများမှာ မြင်းစီး၊ မြင်းခေါင်းများက အုပ်ချုပ်ရသည်။ ပုံဆိုသော် ကျောက်ဆောက်မြို့အဝင် ကျောက်ကာတိုက်တွင် မြင်းစီး၊ စင်တီးရွာတွင် မြင်းစီး၊ စလင်္ကာသူ တိုက်တွင် ရွာစားမြင်းစီးစသည်တို့ ဖြစ်ပါသည်။ ကျောက်ဆည် ဘိုးခရိုင်မှစ၍ အစုအမှုထမ်းများကိုလုပ်မြေနေမြေ ချပေးထားသည့် ဒေသများတွင် သွေးသောက်ကြီးများက အုပ်ချုပ်ရသည်။ ဥပမာ တလုပ်မြို့ကျေးသင်ပြွန်းရွာတွင် ရွာသူကြီး သွေးသောက်ကြီးရှိ၏။ ဆည်မြောင်းများရှိသည့် နေရာများတွင် ဆည်ကြီး ဆည်ဆော် စသည်ဖြင့် ရွာကိုချုပ်ကိုင်သူများလည်း ရှိသည်။

မြို့ရွာအုပ်ချုပ်စီရင်သူတို့သည် အများအားဖြင့် မျိုးရိုးအလိုက် အုပ်ချုပ်လေ့ရှိကြသည်။ ဤသို့ မျိုးရိုးနှင့် ကြီးစိုးစီရင်ပုံကို စစ်တန်းများ၌ တွေ့ရှိရပေသည်။ ယင်းတို့ကား—

> အနိမ့်ရွာကိုကျွန်တော် ဘေးငနွေခင်း ကြီးစိုးစီရင်သည်။ မရှိလျှင် သား စုံ ကြီးစိုးစီရင်သည်။ မရှိလျှင် သား တိုး ကြီးစိုးစီရင်သည်။ မရှိလျှင် သား ကျွန်တော် ရေနံအောင် ကြီးစိုးစီရင်သည်။ [20]

ဟူ၍ တွေ့ရ၏။ အချို့ဒေသများတွင် ကြီးစိုးစီရင်သူတို့မှာ မျိုးရိုးအလိုက် မိန်းမများဖြစ်ကြပါသည်။ ထိုအခါမျိုးတွင်—

> တောင်နောက်ရွာကိုဘွားမ မိငြိမ်း ကြီးစိုးသည်။ မရှိလျှင် သမီး မိငြိမ်းရာ ကြီးစိုးသည်။ မရှိလျှင် သမီး ကျွန်တော်မ မိနှန်း လင်ပေန်းညိုတို့ ဆက်ခံကြီးစိုးပါသည်။[21]

ဟု တွေ့ရပြန်သည်။

ရံဖန်ရံခါ မိန်းမရိုးမှ ယောကျ်ားရိုးသို့ပြောင်းသွားပုံကို ၎င်း၊ ယောကျ်ားရိုးမှ မိန်းမရိုးသို့ ပြောင်းသွားပုံကို၎င်း တွေ့ရ၏။ ဥပမာ—

> မြေတိုင်ရိုး ငမှတ် ကြီးစိုးတိုင်ဆော်သည်။ မရှိလျှင် မိအိန်လို ကြီးစိုးတိုင်ဆော်သည်။ အိုရှမ်းလျှင် ကျွန်တော် သား ငကျော်လှ ကြီးစိုးတိုင်ဆော်သည်။ [22]

ဟူ၍၎င်း၊

> တောင်ပလူရွာကို ဘွားမ မိတွက် မိဝက်တို့ကြီးသည်။ မရှိလျှင် မိကောင်းညို မိချင်းတို့ ကြီးသည်။ မရှိလျှင် ကျွန်တော် ငပင် ဆက်ခံကြီးစိုးသည်။ [23]

ဟူ၍၎င်း တွေ့ရသည်။

အချို့မြို့ရွာများတွင် သူကြီးတရိုးထက်ပို၍ရှိသည်။ ဥပမာ ပုဂံမြို့တွင် မြို့သူကြီး ၄ ရိုး၊ ပုသိမ်မြို့နှင့် ပြင်စည်မြို့များတွင် မြို့သူကြီး ၂ ရိုး၊ လှိုင်ရွာ၊ ဖေါင်ခွဲရွာ၊ လက်ပြရွာ၊ ပျင်ရွာ၊ စလေရွာ၊ ရေမျက်ရွာတို့တွင် သူကြီး ၂ ရိုးစီရှိကြ၏။ ယင်းတို့တွင် လှိုင်ရွာနှင့် ရေမျက်ရွာတို့၌ ယောကျ်ားသူကြီးတရိုး မိန်းမသူကြီး တမိုးရှိကြသည်။ လှိုင်ရွာတွင်—

> သူကြီး သေူ နံ ဝ အသက်၃၀သူ ၎င်းမယားမိထွားနံ ဗ အသက် ၄၃ နှစ် သူတို့ကို စစ်မေးသော် ထွက်ဆိုသည်။ လှိုင်ရွာကို ကျွန်တော်ဘိုး ငရွှေအိုး ကြီးစိုးသည်။မရှိလျှင် ဘ ငအောင် စီရင်သည်။ မရှိလျှင် ကျွန်တော် ၁၁၁၆ ခုနှစ် ကသည်ယခုတိုင် စီရင်ပါသည်။ ၎င်းသူကြီးမ မိထွား ဘွားမ မိတော် စီရင်သည်။ မရှိလျှင်အမိ မဂြိုင်စီရင်သည်။ မရှိလျှင် ကျွန်တော်မ ၁၁၁၆ ခုကသည်ယခုတိုင် စီရင်ပါသည်။ [24]

ဤကဲ့သို့ သူကြီး ၂ ရိုးလက်ဆက်ကြပြီးနောက် သူကြီးတရိုးတည်း ဖြစ်မည်ဟု ယူဆရန်ရှိသော်လည်း ၁၁၄၅ ခု စစ်တန်းခံယူချိန်တွင် သူကြီး ၂ ရိုး ရှိမြဲရှိနေပါသည်။ [25] ရေမျက်ရွာသူကြီး ၂ ရိုးမှာ တဦးနှင့်တဦး ဆိမ်သင့်ခြင်း မရှိ သီးခြားဖြစ်ပါသည်။ [26]

ရိုးရာအလိုက် ဆက်ခံကြီးစိုးကြရာတွင် သားမရှိ၍ ညီက အရာဆက်ခံရသည်ကို ရံဖန်ရံခါ တွေ့ရပါသည်။ ပုဂံမြို့ကျေး တင်ကပ်ရွာတွင်—

> ဘ ငထွ စီရင်သည်။ မရှိလျှင် ဒေစ်ကို ငမွေး စီရင်သည်။ မရှိလျှင် ကျွန်တော် ၁၁၁၉ ခုနှစ်ကကို ယခုတိုင်စီရင်ပါသည်။ [27]

ဟုလာရှိလေသည်။ အချို့ရွာများတွင် ညီသားမရှိ၍ အုပ်ချုပ်သူအရာကို သမက်သော်၎င်း၊ ယောက်ဖသော်၎င်း ဆက်ခံရသည်မှာလည်း ရှိသည်။ ဥပမာ ညောင်ဦးရွာတွင်—

> ဘေး ငထင်စီရင်သည်။မရှိလျှင် ယောက်ဖ ရေဦး စီရင်သည်။ မရှိလျှင် သမက် ရေဖြိုး စီရင်သည်။ [28]

ဟုဖေါ်ပြထားသည်။

အုပ်ချုပ်သူ တယောက်လွန်မှ အရာခံ သားမြေး ဆက်ခံရသည်ချည်းမဟုတ်ပေ။ တခါတရံ သူကြီးစသည်တို့သည် အမှုတော်ကို ကုန်တွင်အောင် မထမ်းရွက်နိုင်လျှင် အရာကို လွှဲပြောင်းပေးအပ်ရပါသည်။ ဤကဲ့သို့ လွှဲပြောင်းပေးအပ်သည့် အရာတို့၌ အိုမင်းမစွမ်း၍၎င်း၊ နာမကျန်းဖြစ်၍၎င်း အရာလွှဲပြောင်းပေးရသည်ကို အကြိမ်ကြိမ် တွေ့ရပေသည်။ ယင်းတို့ကား—

> ငရွဲ ဆက်ခံကြီးစိုးပါသည်။ အိုမစွမ်းအမှုတော်ကို မထမ်းဆောင်နိုင်သည်ဖြစ်၍ သား ကျွန်တော် ငယေ်ကို လွှဲအပ်လျှင် အမိန့်တော်နှင့် ကြီးစိုးစီရင်ရပါသည်။

ဟု ကျောက်ဆောက်မြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်) တွင် တွေ့ရပါသည်။ စလေမြို့ကျေးတွင်လည်း အသည်ကျိပ်စုသူကြီးသည် သမက်ကို အရာလွှဲအပ်ပုံကို—

> ကျွန်တော် ယောက္ခမ တံဆိပ်တော်ရ လှကျော် အသက် ၆၀ ကျော် အိုကြီး၍ ရပ်ရွာကို မကြီးစိုးနိုင်

သားယောကျ်ား အရာကို ဆက်ခံသူမရှိ ကျွန်တော်သမက် ငရွှေဝကို (၁၁) ၅၉ ခုနှစ် မြို့သူကြီး မဟာသမန် ရွှေတံဆိပ် စာချွန်တော်များကို အပ်၍ရွာနေသည့်ငယ်သားတို့ကို ကြီးစိုးထမ်းရွက်ပါရသည်။ [၁၉]

ဟုပါရှိသည်။ အရွယ်ကြီးရင့်၍ ယောက်ဖအား လွှဲအပ်ရပုံကိုလည်း—

ဘိုး ငရဲဖြူ၊ဘကြီး ငပန်းကျော်၊ သား ငရွှေအောင် အိုမစွမ်း အသက်ရှ ဆယ်ကျော် သားမြေး ဆက်ခံတိုင်ဆော်သူမရှိလျှင် ငှင်းနှမ မိငြိမ်းတုတ်လင် ကျွန်တော် ငတုတ်ပိုင် ဆက်ခံတိုင်ဆော်ကြီးစိုးစီရင်သည်။ [၂၀]

ဟုတွေ့ရပြန်ပေ၏။

မမာမကျန်းသောကြောင့် အဘသူကြီး အရာကို သားဆက်ခံ လွှဲပြောင်းယူရသည်ကိုလည်း တွေ့ရပါသည်။

ကျွန်တော် ဘ ငဘိုးတူ ကြီးစိုးစီရင်သည်။ ငဘိုးတူ မကျန်းမမာလျှင် သား ကျွန်တော် ဆက်ခံကြီးစိုး စီရင်ပါသည်။ [၂၁]

မိန်းမသူကြီး ရိုးမှ ယောကျ်ားရိုးသို့ ပြောင်းခါ သူကြီးအိုမင်း မစွမ်းရှိလျှင် အရာခံသား စိတ်မကောင်းသောကြောင့် ညီက ဆက်ခံရသည်လည်းရှိ၏။

စကြူးရွာကိုကျွန်တော်ဘေး မိစိန် ကြီးစိုးစီရင်ပါသည်။ မရှိလျှင် ကျွန်တော် ဘွားမ မိအောင် ကြီးစိုးစီရင်ပါသည်။ မရှိလျှင် ကျွန်တော် ဘ ငချမ်း ကြီးစိုးစီရင်ပါသည်။ ငချမ်း အိုကြီး၍ မဆောင်မရွက်နိုင်လျှင် စာရင်းကျသားကြီး ငအိမ်မင်း စိတ်မကောင်း၍ မဆောင်နိုင်လျှင် ကျွန်တော် ညီငသာလှ ဆက်ခံကြီးစိုးစီရင်ပါသည်။ [၂၂]

ဟု စိတ်ဝင်စားဘွယ် တွေ့ရ၏။

တခါတရံ ဘုရင်မင်းမြတ်က အခြားရာထူးတခုခုကို ပေးသောကြောင့် မြို့သူကြီးအရာကို မထမ်းမရွက်နိုင်၊ အရာလွှဲပြောင်းပေးရသည့် အထောက်ထားတိုလည်း ရှိ၏။ မြေစွန်းရွာသူကြီးမှာ မြို့အစီရင်ခန့်ထားခြင်း ခံရသောကြောင့် သားကို သူကြီးအရာ လွှဲအပ်ရသည်။

ဘ ငရွှေ ကြီးစိုးစီရင်သည်။ ဘ ငရွှေကို မြို့သူကြီးက မြို့အစီရင် အရာနှင့် ခန့်ထား၍ မြို့ကို စီရင်လျှင် မြေစွန်းရွာကို ၆၀ နှစ် ၆၄ ခု စာရင်းတော် ဆက်ပေး၍ ကြီးစိုးစီရင်သည်။ [၂၃]

ဟု တွေ့ရ၏။ ဘုရင်မင်းမြတ်က အမိန့်တော်ရ ခန့်သောကြောင့် မြို့သူကြီး အရာကို စွန့်လွှတ်ရသည်ကို—

လျှော်သား ကျွန်တော့အစ်ကို ငကျော်သူ ကြီးစိုးသည်။ အမိန့်တော်ရ ခန့်တော် မူသည်တွင် ကျွန်တော် ငအောင်ကို လွှဲအပ်၍ ကြီးစိုးစီရင်ရသည်။ [၂၄]

မြို့သူကြီး အရာခံသားသည် အမှုထမ်းကြီးဖြစ်၍ မြို့သူကြီး အရာကို မလုပ်ဆောင်နိုင်လျှင် ညီကဆက်ခံရသည်ကို စည်ပုတ္တရာ မြို့ ၁၁၂၇ ခု စစ်တန်းတွင်—

စည်ပုတ္တရာမြို့ ကိုဝ် ကျွန်တော် ဘေး သမန္တဘတ္တရာဇာ ကြီးစိုးသည်။ မရှိလျှင် သား ဇေယျသမန္တဗိုလ် ကြီးစိုးပါသည်။ ဇေယျသမန္တဗိုလ် သက်ရွယ်ကြီး၍ ကျွန်တော် သီရိသူရသကြံ ကို အမှုထမ်းကြီး ဖြစ်၍ မြို့သူကြီးအရာကို မကြီး မစိုးလျှင် သား ကျွန်တော် ငမြတ်သာဦး ဆက်ခံကြီးစိုးပါသည်။ [၂၅]

တနေရာတွင် မြို့သူကြီးက ရဟန်းဘောင် ဝင်လေသောကြောင့် ညက အရာဆက်ခံရသည်ကို—

အစ်ကို ငလှောက် တံဆိပ်တော်နှင့် ကြီးစိုးစီရင်သည်။ ရဟန်းပြုလျှင် ကျွန်တော်ကြီးစိုး စီရင်ပါသည်။ [၂၆]

ဟု တွေ့ရပါသည်။

အရာခံရမည့် သားမြေးသည် ငယ်ရွယ်နေသေးလျှင် အရာမခံရသေးဘဲ ဆိုင်းငံ့နေရသည်များ ရှိ၏။ ပုဂံမြို့၌ ၁၁၂၇ ခု တွင်—

စချီတရိုးမှာ ငယ်သည်ဖြစ်၍ အရာကို မခံပါရသေး [၂၇]

ဟု စစ်တန်း ထွက်ဆိုထားသည်။ အချို့ ဒေသတို့တွင် အရာဆက်ခံရမည့်သူသည် ငယ်ရွယ်နေပါက ရင်ခွင်ပိုက်ခန့်သည်ကိုလည်း တွေ့ရသေး၏။ [၂၈] မျိုးရိုး ပြတ်လပ်လျှင် အခြားမှ ခန့်ထားရပုံကိုရင်း၊ မြို့သူကြီးက စီရင်ပေးရပုံကိုရင်း တွေ့ရ၏။

ကမ်းဖြူရွာသည် သူကြီးရိုး ပြတ်လပ်သောကြောင့် ကျွန်တော် တောကို မြို့သူကြီး ခန့်ထား၍ နောင်တော် ဆင်ဖြူရှင်ဘုရား လက်ထက်တော်က သည် ယခု ဘုရား ရွှေလက်ထက်တော်တိုင် ကြီးစိုးသည်။ [၂၉]

ဟု တွေ့ရသည်။ ပုဂံမြို့တွင် မင်းသား ၄ ရိုးအဝင်အပါ ပျံချီရိုး ပြတ်လပ်လေ၍ အခြားက ခန့်ကြောင်းကို—

ပျံ ချီ ခံ ငဘန်စနေ အသက် ၁၀ နှစ်သူမှာ အရိုးသား မဟုတ် ပျံချီရိုးပြတ်၍ ဘ မောင်ကြီးက နုတ်၍ ခန့်အပ်တော်မူလျှင် ၁၁၁၆ ခုက သည် ယခုတိုင် စီရင်ပါသည်။ [၃၀]

ဟု ပေါ်ပြလေ၏။ ထို့အပြင်ယင်းစစ်တန်း၌ပင်—

စိုးခဲရိုး သိင်္ဂပစ္စည်းနံ ၅ တေး အသက် ၅၆ နှစ်သူမှာ အရိုးသားမဟုတ်၊ အပေါင်းကြီးက ၁၁၂၄ ခုနှစ် ခန့်အပ်တော်မူခဲ့၍ ခဲအရာကို စီရင်ပါသည်။ (စိုးခဲ) နှစ်ရိုးမှာ အရာခံမရှိ၍ တိမ်မြုတ်ပါသည်။ [၃၁]

ဟု တွေ့ရ၏။ တူရွင်းတိုင်မြို့အဝင် ချောင်းရှည်ရွာတွင် သူကြီးရိုးသားမြေးအရာခံ မရှိသောကြောင့် ၁၁၆၄ ခု စစ်တန်း စစ်သိမ်းချိန်တွင် တူရွင်းတိုင်မြို့ သူကြီးက စစ်တန်း ထွက်ဆိုရသည်။ [၃၂] ရွာသူကြီး၌ သားသမီး ကျေးရွာတွင် မရှိလေသောကြောင့် မြို့သူကြီးက ၎င်းရွာကို အုပ်ချုပ်ရသည်လည်းရှိ၏။ [၃၃] ထိုနောက်

ရွာသူကြီးသည် စစ်တန်း စစ်သိမ်းချိန်တွင် ကျေးရွာမှ ထွက်ပြေး၍ တရပ်တကျေး၌ တိမ်းရှောင် နေသည်ကိုလည်း တွေ့ရပါသေးသည်။ ၁၁၆၄ ခု စစ်တန်း သိမ်းယူချိန်ကတူရှင်းတိုင်မြို့ကျေးအရာ ရွာ နဘဲရွာနှင့် ရေနံ့သာ ရွာများမှ သူကြီးတို့သည် တရပ်တကျေး တိမ်းရှောင် နေသောကြောင့် တူရှင်းတိုင်မြို့ သူကြီးက စစ်တန်း ထွက်ဆိုရပေသည်။

မြို့ရွာကို အုပ်ချုပ်သူတို့ သေလွန်လျှင် စာရင်းကျ အရာခံ သားမြေးသည် ဆက်ခံနိုင်သော်လည်း သားမယားတို့က အကြီးအကဲ သေဆုံးကြောင်းကို ကေရာဇ်မင်းနှင့်လွှတ်တော်သို့ အဆင့်ဆင့် အကြောင်းကြားရသည်။ ဘုရင်မင်းမြတ် လွှတ်တော်နှင့် ဆိုင်ရာဝန်တို့ထံမှ အမိန့်စာ တံဆိပ် စာချွန်များ ရမှသာ အကြီးအအုပ်ဖြစ်ပြီဟု အခိုင်အမာ ယူရပေမည်။ အောက်တွင် မြို့သူကြီးမယားက လင်သေပြီးနောက် မြို့သူကြီးအရာ သားများ ဆက်ခံရပါမည့်အကြောင်းကို လျှောက်ထားပုံ—

ရမည်းသင်း မြို့သူကြီးမယား ဘုရားကျွန်တော်မ မိအဲ ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား၊ ကျွန်တော်မလင် သေလွန်သည့်နောက် အရာခံသားငအေးကိုလျှောက်ထား ဆက်ခံ ကြီးစိုးပါစေသည်။ ငအေး နာမကျန်း ရှုးသွတ်၍ မြို့ရွာကို မအုပ်မထိန်း မဆောင်မရွက်နိုင် ရှိသောကြောင့် သားအလတ် ငမင်းကို သူကြီးအရာ လျှောက်ထား၍ တံဆိပ် စာချွန်တော်နှင့် ကြီးစိုးပါသည်။ မြို့သူကြီး ငမင်း တပ်တော်မှာ သေဆုံးပါသည်။ ငအေး ငမင်းတို့တွင် သားမြေး အဆက်အခံမရှိပါ။ ညီငမှုံကို ရိုးရာမပျက်ဆက်ခံ ကြီးစိုးပါရမည့် အကြောင်းကို ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား။[၄၄]

ဆိုင်ရာဝန်က စာရင်းကျ အရာခံ သားမြေးကို သူကြီးအရာ ခန့်ပါမည့် အကြောင်းနှင့် လွှတ်တော်သို့ လျှောက်ထားပုံ—

ဘုရားကျွန်တော် ကျိုဝန် ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။ ရွှေကျင် ၁၃ ရွာကို ၄၅ ခုနှစ် စာရင်းတော် ဆက်သွင်း၍ ဒေဝရန်အောင် တံဆိပ် စာချွန်တော်နှင့် မှူးကြီးပါသည်။ မရှိလျှင် အရာခံမြေး ငပေးကို ခန့်ထား သနားတော်မူပါမည့် အကြောင်းကို ရှိခိုးသံတော်ဦး တင်ပါသည် ဘုရား။[၄၅]

ဟု တွေ့ရဘူးပေသည်။ စာရင်းကျ အရာခံသား ကိုယ်တိုင်က အဘအရာကို ဆက်ခံပါရမည့် အကြောင်း လွှတ်တော်တွင် လျှောက်တင်ချက်နှင့် လွှတ်တော်မှ အမိန့် ချမှတ် ဆောင်ရွက်ပုံများကို အောက်ပါအတိုင်း တွေ့ရပြန်သည်။

ဘုရားကျွန်တော် မြေစွန်းတော် အဝင် မင်းရွာ သူကြီး သေ့သား ငပိုးနီ ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။ ကျွန်တော့်အဘ သေ့သည် အမိန့်တော်ရှင်းနှင့် အညီ သူကြီး တကာနည်း အမှုတော် ကောင်းရာလိုက်ထမ်း၍ မိုးနဲ တပ်တော်မှာ သေဆုံးပါသည်။ အဘမရှိလျှင် ကျွန်တော် သား ငပိုးနီ ရိုးရာမပျက် ဆက်ခံ၍ မင်းရွာ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်ပါရအောင် သူကြီးတံဆိပ်စာချွန်ကယ်မ သနားတော် မူပါမည့်အကြောင်းကို ရှိခိုး သံတော်ဦးတင်ပါ သည်ဘုရား။

၎င်းလျှောက်ထားချက်အရ လွှတ်တက်မင်းသားများက—

၆၇ ခု ခံဝန်ချက် စာရင်းကိုထုတ်၊ အဘ အမှုတော် ကောင်းရာသေ၊ သားစာရင်းပါ မှန်လျှင် အမိန့်တော် အတိုင်း သူကြီးခန့်။ ။နန်းစံ ၂၅ နှစ် တေရသာဓိ မာသ်သုဒ္ဓဒိန် ၆ ဒုတိယ တပို့တွဲလဆန်း ၆ ရက်နေ့[၄၆] ပုဂံမင်း ပုခန်းမင်း အမိန့်တော်။

ထိုနေ့ သေ့၏အဖ ငစံလှ၏တံဆိပ်တော်ကို စာရေး ငရွှေမြအား ပေး၍ ၎င်း တံဆိပ်ကို တံဆိပ်ဝန်စာရေး ငပိန်ကို ပေးအပ်သည်။ ၆၇ ခု သူကြီး ခံဝန်ချက်ကို ထုတ်ကြည့်ပြီးနောက် ထပ်မံ၍ အမိန့်တော် ချမှတ်ရသည်။

၆၇ ခု မင်းရွာ သူကြီး ခံဝန်ချက် စာရင်းထွက် သေ့ ၀ ၄၀။ မင်းရွာသူကြီး မြင်းနှင့်ထမ်း။ ၁၁၆၇ ခု နယုန်လဆန်း ၁၁ ရက်နေ့[၄၇] သွင်း။ မယား မိလုံ ၁။ ၃၅။ သား ငပိုးနီ ၅။ ၁၀ စာရင်း ပါဝင်သည့် အတိုင်း ငပိုးနီကို မင်းရွာ သူကြီးခန့်။ တံဆိပ်စာချွန် ပေးမြဲပေး။ ။သုဒ္ဓဒိန် ၉ ဒုတိယ တပို့တွဲလဆန်း ၉ ရက်နေ့ ပုဂံမင်း အမိန့်တော်။

၎င်းအမိန့်တော်ကို မြေစွန်းဝန်မင်းက ဆင့်၍ ၁၁၆၉ ခု ပြာသိုလဆန်း ၉ ရက်နေ့[၄၈] စာရေးကြီး ကျော်ထင်ရာဇာ လုင်မှူင်းက ချမှတ်ရသည်။[၄၉]

မြင်းစီးတဦးကမိမိအရာကိုလွှဲပြောင်းပေးလိုကြောင်း လျှောက်ထားပုံ—မြောက်ဖက် ၉ သင်းမြင်းအဝင် ညောင်စောက်မြင်းစီး ဦးသူသည် ၁၁၆၈ ခုရောက်သောအခါ သားထောက် မြေးခံသည်း မရှိ၊ကိုယ်တွင်လည်း ဝေဒနာစွဲကပ်သောကြောင့် မင်းမှုတော်ပေါ် ထွက်ရှိသည်များကို ပြေကုန်အောင် မဆောင်မရွက်နိုင်ရှိသည်။ ထို့ကြောင့် မြင်းခွင်ကို စီးကြီး၍ မင်းမှုတော်များကို ထမ်းဆောင်နိုင်မည့်သူ ရွာနေမြင်းပေါင်ကြီး ဦးရွှေရွဲကို ရိုးရာနှင့်တကွ မြင်းခွင်ကိုပါ လွှဲအပ်လိုကြောင်းလွှတ်တော်တွင်လျှောက်ထားလေ၏။ ထိုအခါ လွှဲအပ်မည့်သူ အလွှဲခံရမည့်သူ နှစ်ဦးကို မျက်နှာစုံညီ မင်းစာရေးတို့နှင့် ရွှေမေး၍ လျှောက်ဟု လွှတ်တက် မင်းသားကြီးများဖြစ်သော စကိုင်းမင်း၊ ပြည်မင်း၊ တောင်ငူမင်း၊ ပုဂံမင်း၊ ပုခန်းမင်းနှင့် မိုးမိတ်မင်းတို့က လွှတ်တော်တွင် ၁၁၆၈ ခု ဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၅၀] အမိန့်တော် ထုတ်ပြန်သည်။ ထိုအမိန့်ကို ဒိုင်းဝန် ကဆင့်၍ လုင်မောင်ညွှန်းက ချမှတ်သည်။ လပြည့်ကျော် ၃ ရက်နေ့တွင် လွှဲအပ်သူ ဦးသူနှင့် လွှဲအပ်ခံရမည့်

သူ ဦးရွှေရွဲ့တို့ကို မျက်နှာစုံညီခေါ်၍ မေးသော် ဦးရွှေရွဲ့က စစ်ချက်ထွက်သည်ကား ညောင်ပင်စောက်ရွာ မြင်းစီး ဦးသူက မြင်းခွင်ကို လွဲအပ်သည့်အတိုင်း မင်းမှုတော် ပေါ်ထွက်သမျှကို ပြေကုန်အောင် ဆောင်ရွက် ထမ်းရွက်ပါမည်။ နောင် မင်းမှုတော်ကို မဆောင်ရွက်နိုင် မြင်းခွင်ကိုမစီး မကြိုး‌ပိုဟု လျှောက်ထားလျှင် ရာဇဝတ်တော်ကို ခံပါမည်ဟုဆို၏။ ဤစစ်ချက်အရ ၁၁၆၈ ခု ဝါဆိုလပြည့်ကျော် ၉ ရက်နေ့ [၅၁] တွင် စကိုင်းမင်း၊ ပြည်မင်း၊ တောင်ငူမင်း စသည့် မင်းသား ၆ ပါးတို့က ၂ ဦး စစ်ခံချက်အတိုင်း အရာကို လွှဲအပ်စေ။ စစ်တန်းစာချင်းများကို လဲ၍သွင်း၊ ဦးရွှေရွဲ့ကို မြင်းစီးစာအပ်၊ ဦးသူတွင်ရှိသည့် မြင်းစီးစာကိုသွင်းဟု မိန့်မှတ်ကြ၍ ဒိုင်းဝန်မင်းက ဆင့်ရသည်။ ၎င်းကို လုင်မောင်ညွှင်းက ချမှတ်၍ ၎င်းမှတ်ချက်ကို မြေတွန်းစာရေး မောင်ရွှေပင်က ချရပြန်သည်။ မြင်းစီးသူကြီး ဦးရွှေရွဲ့ကို ထိုနေ့ပင် မောင်ရွှေပင်က တံဆိပ်စာချွန်ကိုလည်း အပ်ရ၏။[၅၂]

အရာခံသားမြေးဖြစ်သူသည် အရာမဆက်ခံသိုသဖြင့် အခြားတယောက်ကို လွှဲအပ်ပေးပုံများလည်း တွေ့ရပေသည်။ ကျိဝန်ဝန်စု ရွှေအရွှေကြောင်းမော်ခွင် ၄ ရွာ ရွှေမှူးသူကြီး ဦးဘညို ၁၁၅၃ ခုတွင် သေလွန်သျှင် အရာခံသား ဦးစံပွင့်သည် အရာကို မဆက်ခံသိုသောကြောင့် အသည်ကြီးစာရင်းဝင် ဦးကြံအေးအား ရပ်ရွာ သဘောတူချက်အရ လွှဲပြောင်းလိုသည်ကို ဆိုင်ရာကျိဝန်သို့ အကြောင်းကြားရသည်။ ထိုစာအရ ကျိဝန်က ဦးကြံအေးအား သူကြီးအရာနှင့် ထမ်းရွက်စေခဲ့ရာမှ ကြီးချုံး စိုးချုံးချုံးရာမှုများကို လွဲအပ်သိုလျှင် လွှတ်တော်မှာ လွှဲအပ်စေဟု အမိန့်တော်ထုတ်ပြန်သောကြောင့် [၅၃] သူကြီးအရာကို သွဲအပ်ခံယူကြရန်ဦးစံပွင့်နှင့် ဦးကြံအေးတို့ အမရပူရမြို့တော်သို့ သွားကြ၍ လွှတ်တော်၌ အရာ သွဲပြောင်းရေး လျှောက်ထားကြရ၏။ အောက်တွင် ဦးစံပွင့်၏လွှဲအပ်ချက်ကို ဖေါ်ပြပါမည်။

သက္ကရာဇ် ၁၁၅၇ ခု ပြာသိုလဆန်း ၉ ရက်နေ့ [၅၄] တွင် ကျိဝန်ဝန်စု မော်ခွင် ၄ ရွာ ရွှေသူကြီး ဘညို သားစံပွင့် ထွက်ဆိုချက်။ မော်ခွင် ၄ ရွာကို ကျွန်တော်ဘ ဘညို ရွှေမှူးသူကြီးအရာနှင့် ၁၁၄၅ ခုနှစ် စာရင်းတော်ဆက်သွင်း၍ တံဆိပ်စာချွန်တော်နှင့် ကြီးအုပ်စီရင်ပါသည်။ ၁၁၅၃ ခုနှစ် ကျွန်တော်ဘ ဘညို သေလွန်သျှင် အရာကိုကျွန်တော် မဆက်မခံ မဆောင်မရွက်နိုင်၍ ကျွန်တော်ရွာနေ အသည်ကြီး စာရင်းတော်ဝင် ငကြံအေးကို လွှဲအပ်ဆောင်ရွက် ကြီးအုပ်ပါစေသည်။ အချုံးအရာကို လွှဲအပ်သိုလျှင် လွှတ်တော်ချုံးတော်တွင် လွှဲအပ်စေ အမိန့်တော်ဘန်းနှင့် အသီ ယခုလွှတ်တော်တွင် ငကြံအေးကို လွှဲအပ်ပါသည်။ ငကြံအေး သားမြေးတိုင် ဆက်ခံကြီးစိုးပါစေတော့။ ကျွန်တော် ကြီးစိုးရကောင်းသည် ဖေါက်ပြန်၍ မလျှောက်မထားပါပြီ။ ကျွန်တော်ဘ ဘညိုတွင်လည်း ကျွန်တော်ပြင် သားမြေးမရှိ၊ ကျွန်တော်တယောက်သာရှိပါသည်။ ကျွန်တော်လွှဲအပ်လျှင် ဖေါက်ပြန်မည့်သူ မပေါ်မရှိပြီ။ စာချုပ်စာတမ်းခံ၍ ရွှေသူကြီး ဘညိုသား စံပွင့်၊ ငကြံအေးတို့မျက်နှာစုံညီမော်ခွင်ရွာသူကြီးမျိုးကို ရွှေလွှတ်တော်တွင် လွှဲအပ်သည်။ ။၄၅ ခုနှစ်စာရင်းတော်ဝင်ရွှေသူကြီး ဘညိုသား စံပွင့်က ငကြံအေးသို့ အရာကို လွှတ်တော်တွင် လွှဲအပ်သည့်စာသက်။[၅၅]

ဤကဲ့သို့ လွှတ်တော်၌ လွှဲအပ်ပြီးနောက် ၇ ရက်ရှိလျှင် ဘုရင်မင်းမြတ်က ဦးကြံအေးကို မော်ခွင် ၄ ရွာသူကြီး ခန့်အမိန့်တော် ထုတ်ပြန်လိုက်သည်။

သက္ကရာဇ် ၁၁၅၇ ခု ပြာသိုလပြည့်ကျော် ၁ ရက် သောကြာနေ့ [၅၆] ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား ကျိဝန် ဝန်စု ရွှေခွန်တော်ဆက် မော်ခွင် ၄ ရွာ သူကြီး ဘညို သား စံပွင့်က လွှဲအပ်သူ ငကြံအေးကို မော်ခွင် ၄ ရွာသူကြီးခန့်တော်မူသည်။ အသည်ငယ်သားတို့ အမှုတော်ကို ထမ်းကုန်နိုင်၍ လုပ်စားဆောင်စား စီးပွါးဖြစ်အောင် မစစီရင်။[၅၇]

ဘုရင်မင်းမြတ်က အမိန့်တော် ထုတ်ပြန်ပြီးနောက် ကျိဝန်မင်းက လွှတ်တော်သို့ အစီရင်ခံရပါသည်။

ကျိဝန် အစီရင်တော်ခံပါသည်။ ဝန်စုမော်ခွင် ၄ ရွာကို သက္ကရာဇ် ၁၁၄၅ ခုနှစ် စာရင်းတော် ဆက်သွင်း၍ ကြီးစိုးသူ ဘညိုသေ၊ နောက်ငကြံအေးကို ဝန်စာပေးအပ်၍ ကြီးစိုးစီရင်စေသည်။ ကြီးစိုးချုံးရာမှုများကို လွှဲအပ်သိုလျှင် လွှတ်တော်ချုံးတော်တွင် လွှဲအပ်စေ အမိန့်တော်မြတ်ရင်းအတိုင်း၊ ဘညိုသား စံပွင့်က အရာကို မဆောင်မရွက်နိုင်ပါ၊ လွှဲအပ်ချက်ကို စာဆက်သွင်းတော်မူသည်။ သွင်းချက်အတိုင်း အမိန့်တော်မြတ်ထုတ်သည်။ ငကြံအေးကို မော်ခွင် ၄ ရွာသူကြီး တံဆိပ်စာချွန် ပေးအပ်တော်မူ၍ စာရင်းလဲပြောင်းရပါမည့်အကြောင်းကို အစီရင်ခံပါသည်။ ဆိုင်ရာကျိဝန်က လွှတ်တော်မှာ အစီရင်လျှောက်ချက် လက်မှတ်။[၅၈]

အထက်ပါ ကျိဝန်၏ အစီရင်ခံစာကိုရလျှင် လွှတ်တော်ဝန်ကြီးများက ဘုရင်မင်းမြတ်ထံ အောက်ပါအတိုင်းတင်ပြ၍ သင့်ပြီဟူသောမှတ်ချက်ကိုရ၏။

ကျိဝန်က ရွှေခွန်တော်ဆက် မော်ခွင် ၄ ရွာ ရွှေမှူးသူကြီး ဘညို ၁၁၄၅ ခုနှစ် စာရင်းဆက်သွင်း၍ တံဆိပ်စာချွန်နှင့် ကြီးအုပ်သည်။ ၁၁၅၃ ခုနှစ် ဘညိုသေလျှင် အရာခံသား စံပွင့် မကြီး မအုပ် မဆောင်မရွက်နိုင်ပါ။ အသည်ကြီး စာရင်းတော်ဝင် ငကြံအေးကို လွှဲအပ်၍ ရွှေခွန်တော် မင်းမှုတော် ရပ်များကို ငကြံအေး ဆောင်ရွက်ပြေကုန်သည်နှင့် ကြီးစိုးချုံးရာ မှုများမှာ လွှဲအပ်လိုလျှင် လွှတ်တော်ချုံးတော် လွှဲအပ်စေ အမိန့်တော်ရင်းအတိုင်း ဘညိုသား စံပွင့်က လွှတ်တော်မှာထပ်၍ လွှဲအပ်ပါသည်။ စံပွင့်

ကလွဲအပ်သူ ကြေးအေးကို မော်ခွင်သူကြီး တံဆိပ်စာ ပေးပါမည့်အကြောင်း စာရင်းတော်ဝင် တံဆိပ်ရ သူကြီး ဘေညို သေ သားငစံပွင့်က အရာကိုမဆက်မခံ မဆောင်မရွက်နိုင်ပါ။ အသည်ကြီး စာရင်းတော်ဝင် ကြေးအေးကို ကြီးစိုး ဆောင်ရွက်ပါစေတော့ လွှတ်တော်တွင် မျက်နှာညီ လွှဲအပ်ရှိသည်။ ကြေးအေးကို သူကြီးတကာနည်း၊ စစ်တန်းစာရင်းလွှဲပြောင်း၍ တံဆိပ်စာ ပေးအပ်မည်။ ဝန်တို့က ဆက်သွင်းသည့်အတိုင်း သင့်ပြီ။ [၅၉]

ဟူ၍တွေ့ရ၏။ ၎င်းကဲ့သို့ ဘုရင်မင်းမြတ်၏ ခွင့်ပြုချက်ကိုရလျှင် လွှတ်တော်မှ အောက်ပါသူကြီးခန့်တံဆိပ် ၂ ကြောင်းစာချွန်ကိုထုတ်ပြန်ရသည်။

သက္ကရာဇ် ၁၁၅၇ ခု ပြာသိုလပြည့်ကျော် တရက်နေ့ [၆၀] ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ကျီဝန်ဝန်စု -ရွှေခွန်တော်ဆက် မော်ခွင် ၄ ရွာမှာ ဘေညိုသေ သား ငစံပွင့် လွှဲအပ်သူ ကြေးအေးကို တံဆိပ်စာချွန်တော်ပေးအပ်၍ တဝတည်း ကြီးစိုးစီရင်စေသည်။ မော်ခွင် ၄ ရွာကို တံဆိပ်သူကြီး ကြေးအေးက တဝတည်း ကြီးစိုးစီရင်စေ။

၂ ကြောင်းတံဆိပ် စာချွန်လက်မှတ်။ [၆၁]

၎င်းနောက် ရွှေတိုက် စာရင်းများတွင် အပြောင်းအလဲ များပြုလုပ်ရန် အတွင်းဝန် များသို့ လွှတ်တော် ဝန်ကြီးများက ဆင့်ဆိုရသည်။ ဆင့်ဆိုပုံမှာ—

အတွင်းဝန်မင်းတို့ ကျီဝန် ဝန်စု ရွှေခွန်တော်ဆက် မော်ခွင်၄ရွာသူကြီး ဘေညိုသား ငစံပွင့်က လွှဲအပ်သူ ကြေးအေးကို သူကြီးတကာနည်း စစ်တန်း စာရင်း အင်းများတွင် ဘေညိုကို ဘုရားအမိန့်တော်မြတ် ဦးထိပ်ထက်ဆင်ရွက်ရသည့် အတိုင်း ၄၅ ခုနှစ် ဘေသို ဆက်သွင်းသည့် ပုရပိုက် ထန်းဘူးတင် စစ်တန်း စာရင်း များတွင် ဘေညိုကို သိမ်း၍ ကြေးအေး စာရင်းလဲပြောင်းဆက်သွင်းစေရမည်မှာ ရွှေတိုက်စိုး၊ ရွှေတိုက်ကျပ် ရွှေတိုက်စာရေး တို့ကို ဆင့်ဆို စေချင်သည် အတွင်း ဝန်မင်းတို့။ ။လွှတ်တော်မင်းကြီးများက အတွင်းဝန်များထံ ဆင့်ဆိုသည့်စာ လက်မှတ်။

သက္ကရာဇ် ၁၁၅၇ ခု ပြာသိုလပြည့်ကျော် ၅ ရက်နေ့ [၆၂] ဝန်ရှင်တော် သုံးပါး မင်းကြီး [၆၃] မှာ ဝန်ထောက်တော်မင်း နန္ဒမိတ်ကျော်စွာ အစီရင်ခံ၍ သင့်ပြီ မိန့်ချက်နှင့် ဝန်ထောက်တော်မင်း နေမျိုးရာဇကျော်ထင် စာရေးရော ရေတို့ရေးသွင်းသည်။ ။စာရေး ရော ရေတို့ ရေးသွင်းသည် မှာတမ်းလက်မှတ်။ [၆၄]

အထက်တွင် ဖေါ်ပြထားသည့်အကြောင်းအရာကိုကြည့်လျှင် မြို့ရွာ အုပ်ချုပ်သူတို့ အရာကို ဆက်ခံရေး လွှဲပြောင်းရေး တို့မှာ မလွယ်ကူလှချေ။ ရှေးဦးစွာ တဦးသေ၍ တဦးဆက်ခံလျှင် ဆိုင်ရာသို့ အကြောင်းကြား ရသည်။ ၎င်းမှ တဆင့် ဘုရင်နှင့် လွှတ်တော်သို့ အရောက် သတင်းပေးပို့ရပါသည်။ အရာ ဆက်ခံစေကြောင်းကိုသည်း ဘုရင်နှင့် လွှတ်တော်မှ အမိန့်တော်များကို သက်ဆိုင်ရာ ဝန်တို့ဆီသို့၎င်း၊ ယင်းကမှ သက်ဆိုင်ရာ မြို့ရွာ အုပ်ချုပ်သူတို့ထံ အမိန့်တော်များ ထုတ်ပြန် ရသည်။ ဤကဲ့သို့ အရာခန့်ပုံ အရာလွှဲပြောင်းပုံတို့ကို စံနစ် တကျ ဥပဒေသတို့ဖြင့် သာ လွှဲပြောင်း ဆက်ခံ ကြရသည်မှာ ထင်ရှား လှပေသည်။ သို့ရာတွင် နိုင်ငံခြားသားတို့သည် မြန်မာမင်း လက်ထက် အုပ်ချုပ်ပုံ ညံ့ဖျင်းကြောင်း၊ စံနစ် အတိအကျ မရှိကြောင်း စသည်ဖြင့် ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ယင်းတို့၏ အယူအဆမှာ တက်တက်စင် လွဲမှားသည်ဟု ယူဆရပေမည်။

ဤကဲ့သို့ အရာလွှဲပြောင်း ပေးကြရာမှ ကာလ ကြာမြင့်လျှင် မိမိအရာကို မိမိ ပြန်သည် ရရှိ လိုသောကြောင့် အရာလုဆိုမှု များ ရံဖန်ရံခါ ပေါ်ပေါက် လာတတ်ပေသည်။ အထက်တွင် ဖေါ်ပြခဲ့ပြီးသည့် မော်ခွင်ရွှေမှူး သူကြီး ဦးဘေညိုသား ဦးစံပွင့်သည် ၁၁၅၇ ခုနှစ်တွင် အသည်ကြီး စာရင်းဝင် ဦးကြေးအေးအား လွှတ်တော်တွင် စာချုပ်စာတမ်းနှင့် သူကြီးအရာကို ရိုးရာနှင့်တကွ ဆက်ခံကြီးစိုးပါဟူ၍ လွှဲပြောင်း အပ်နှံပြီးလျှင် နောင် ရကောင်းစေဟု ဖေါ်ပြန်၍ မပြောဆို ပါမည့် အကြောင်း လျှောက်ချက်တင်ပြီးမှ ၁၁၆၀ ခုနှစ် ရောက်သော အခါ ဘုရင်မင်းမြတ် ကြားအောင် မြေနန်းတော်တွင် ဟစ်အော်သည်ကား—

ကျွန်တော် ယယ်ရှယ်သူကို အနောက်ဝင်းတော်မှူး မင်းနေမျိုးသခ်ယာနှင့် ပူးပေါင်း ပြီးလျှင် ကျွန်တော်ကို အနောက်သစ်တပ်တွင်းမှာထား၍ အရာကို လွှဲအပ်ရမည် ဆိုသောကြောင့် လွှဲအပ်ရပါသည်။

ဟူ၍ ဟစ်အော်သည်တွင် ဘုရင်မင်းမြတ် ကြားတော် မူ၍ လွှတ်တော်မှ စစ်၍သွင်း အမိန့်တော်ရှိသောကြောင့် စစ်ဆေးပြီးလျှင် ဖြတ်စာနှင့် လွှဲအပ်ကြောင်းကို သုံးပါးမင်းကြီးနှင့် ပုခန်းမင်းကြီး [၆၅] တို့က လျှောက်တင်သဖြင့် ဖြတ်စာကိုဖေါက်ဖျက်သူဖြစ်သည်။ ထို့ကြောင့် ၂

ဖြတ်စာကို ဖေါက်ဖျက်သူ ဖြစ်သည်။ ကြိမ် ရာဇဒဏ်အချက် ၆၀ ခတ်၍ ကြေးအေးသို့ အပ်ဟု အမိန့်တော် ချမှတ်ရသည်။ ယင်းအမိန့်တော်မြတ် အရ ဦးစံပွင့်အား ကြိမ်ရာဇဒဏ် အချက် ၆၀ ရိုက်ပြီးလျှင် သူကြီး ဦးကြေးအေးထံ သားမြေးမြစ်တိုင်အောင် ကျွန်ခံစေရန် အပ်လိုက်ရ၏။ ဦးစံပွင့်သည် ကျွန်ဘဝနှင့်ပင် ၁၁၇၂ ခုမတိုင်မီ သေဆုံးလေသည်။ [၆၆] ဤသည်ကား သူကြီး အရာလုဆိုမှု ဥပမာ တရပ်တည်း။

အဝေးမြို့ရွာ စော်ဘွားတို့ သေလွန်လျှင်လည်း သေလွန်ကြောင်းကို မယား သားတို့က လွှတ်တော်သို့ အစီရင်ခံ ကြရသည်။ ထိုသို့ အစီရင်ခံ ရောက်လျှင် လွှတ်တော်နှင့် အိမ်ရှေ့မင်းတို့က သေသူစော်ဘွားအား သင်္ဂြိုဟ်ရန် အခန့်အထား အစီအရင် ပြုလုပ်ကြရသည်။ ယင်းသို့ ခန့်ထား စီရင်သည့်အခါ သင်္ဂြိုဟ်ခန့်သူ အကူတော်နှင့် အမှာစာများလည်း စော်ဘွား

သေလွန်ရာသို့ ပေးပို့ရသည်။ ၎င်းအမှာစာမှာ စော်ဘွား သေလွန်၍ အရာလစ်လပ်သည့် မြို့ဘွင် မြို့အစီအရင် ခန့်ထားလျက်၊ ထိုမြို့မှစော်ဘွား အမွေများကို ဘုရင်မင်းထံ ဆက်ပို့ ကြရမည့် အကြောင်း ဖြစ်သည်။ ဘုရင့်ထံ အမွေ ဆက်ပို့ ပြီးနောက်မှ အရာခံ စော်ဘွားသားကို စော်ဘွားကြီး အရာခန့်၍ အဆောင် အရွက် အစီးအနင်းပေးခါ မြို့နှင်းအပ်ရသည်။ [၆၇] ကျိုင်းရုံးကြီးနှင့် ကျိုင်းတုံ စော်ဘွားတို့ကို ခန့်ထားလျှင် အမိန့်တော်စာချွန်ကို ထန်းရွက်တွင် ၃ ကြောင်း သတ်စုံ ရေး၍ ဝန်ထောက် အမိန့်တော်ရေးတို့က ပြသာဒ်တော် အလယ်ကွန်းစင်တွင် စာ အရင်းအဖျားကို နာမံတော်တံဆိပ် ခတ်ရသည်။ ယွန်းစာလည်း တစောင် ရေး၍ ယင်းနည်းတူ နာမံတံဆိပ်ခတ်ခါ ကျည်ပွေ့တွင် သွတ်ပြီးမှ နီပါးထည်အိတ်သွတ်၍ တံဆိပ်ခတ်သည်။ [၆၈]

ဗဒ္ဒုံမင်းလက်ထက် စော်ဘွားခန့် အမိန့်တော်ကို အောက်ပါ အတိုင်း တွေ့ရ ပါသည်။

လက်မိုင် စော်ဘွားရိုး စံဆင် လျှောက်ချက် အစစ်ခံချက်ကို ထောက်၍ စံဆင်ကို လက်မိုင်မြို့ ကရင်၅ ခေါင်း လ၀ ၉ ခေါင်းနှင့်တကွ စော်ဘွား ခန့်ထားမည် အစစ်ခံချက်ရင်းအတိုင်းလည်း စစ်(ကိုင်း)မင်း ကျွန်တော်မျိုးခံ အမှုတော်ကိုထမ်းရွက် စေမည်။ စစ်ကိုင်းမင်း၊ ပြည်မင်း၊ ပုဂံမင်း၊ ပုခန်းမင်း၊ မိုးမိတ်မင်းတို့ ဆက်သွင်းချက် အတိုင်း သင့်ပြီ။ [၆၉]

အုပ်ချုပ်သူတို့ အရာကို ဆက်ခံလျှင် ဆိုင်ရာသို့ လက်ဆောင်ဆက်ရကြောင်းကို သိရသော်လည်း ၎င်းကိစ္စနှင့် ဆိုင်သည့် အထောက်အထားမှာ အနည်းငယ်သာ တွေ့ရသေးသည်။ တူရွှင်းတိုင်မြို့ ၁၁၆၄ ခု စစ်တန်းတွင်——

မြို့သူကြီးသေသော် အရာကို ဆက်ခံလျှင် ကြေး ၂၀ိ ပြည်စိုးတို့ အရာခံလျှင် လက်ဆောင်ကြေး ၁ဝိ ဆက်ရိုး။ သူကြီးငယ်တို့ အရာဆက်ခံလျှင် ဖျင် ၁ စုံ မြို့သူကြီးကို တိုင်ရိုးရှိပါသည်။ [၇၀]

ဟုပါ၍ တောင်ဆင်းမြို့၊ ပြည်စိုးနှင့် သူကြီးငယ်တို့ အရာဆက်ခံကြလျှင် ပေးရသည့် လက်ဆောင်အကြောင်းကို ၁၁၄၅ ခု စစ်တန်းတွင်——

သားအရာခံလျှင် ငွေဖလား ၅ိ ၂ လုံ ၂ လဘက်ချောင်း ခါသာနှင့် ရွှေလက်တော်မှာ ဆက်သ၍ အရာခံရပါသည်။ သူကြီးတို့သေ၍ သားဆက်ခံလျှင် ဖျင်တစုံနှင့် ကျွန်တော် ပြည်စိုးမှာ တိုင်ကြားရသည်။ [၇၁]

ဟူ၍ တွေ့ရှိရပါသည်။ မြင်းစီးတို့အရာဆက်ခံလျှင် မြင်းစာရေးကို လက်ဆောင်ပေးရပုံကို——

တကြိုးပြတ် တကြိုးဆက် မြင်းသောက် မြင်းပေါင်းတို့ ဆက်ခံ စီးထမ်းလျှင်မြင်းစာရေးမှာ ဖျင်၂ [၇၂] အနှုန်း၊ လဘက် ၅ဝိ ကြေး ၂၅ိ ပေးရပါသည်။ [၇၃]

ဟူ၍ကျောက်ဆောက် ၄၄ စီ အဝင် စလင်္ဂသူ ၁၁၄၅ ခု စစ်တန်း၌ တွေ့ရှိရ၏။

မြို့ရွာအုပ်ချုပ်သူတို့မှာ ရာထူးနိမ့်မြင့်အလိုက် ဘုရင်မင်းမြတ်က ချီးမြှင့်ထားသည့် အစီးအနင်း အဆောင်အရွက်များ ရရှိကြပေသည်။ အုပ်ချုပ်သူအားလုံးတို့ အဆောင်အရွက်ရကြမည် ဖြစ်သော်လည်း မည်သို့သော အဆောင်အရွက်များ ရကြသည်ကိုမူ အတိအကျအနေဖြင့် အနည်းငယ်သာ သိကြရပေသည်။ ထို့ကြောင့် ကျောက်ဆောက် မြင်း ၄၄ စီး၊ အဝင်စလင်္ဂသူတိုက် ရွာစား မြင်းစီးရရှိသည့် အဆောင်အရွက် အစီးအနင်းများနှင့် အချို့ရရှိသော အဆောင်အရွက် အစီးအနင်းများကို အောက်တွင်ဖော်ပြလိုက်ရပေသည်။

စီးနင်းဆောင်ရွက် လိုက်ထမ်းရိုးမှာထား မြင်းနင်းကသံကိုင်းငွေဇဝါ ၅ ပွင့် အုပ်ခက်ထိပ်ဆောင်း မြီးပြန်းရင်ပတ်သက္ကလတ်ကြိုး အပြာကွပ် ခတောင်ရွှေအ နားသတ်၄ မြင်းမှတ်အလံနီ လကွင်းအင်းချ အဲမောင်းအရိုး ၎ ရာဇမှတ်ခက် တောင်ပြည့်ဆင် ကြေးဝါချင်ပု လှံသွား ၁ိ [၇၄] မောက်တိုအနီ ဟင်္သပတားသုတ် အရပ်နှင့်အတွတ် ၄ ရွှေချမောက်ရူပါးကာနားကာ အနက်ဖဲပြားကွပ် မျည်းတို မျည်းရှည် ဖနက်ပိုးစုံသတ် ဝတ်ဆင်စီးနင်းလိုက်ထမ်းရသည်....... နေရသည့်အိမ်မှာ ကြမ်းပြင်နေရောင်ကာ မြောက်နှာယောင်ဆောင်ထည့်လှေခါး ၂ ခွေးတက် ၂ နှင့် လုပ်ဆောင်နေရပါသည်။ [၇၅]

ဟူ၍၎င်း၊ ပုဂံမြို့သူကြီးတို့ ညောင်ရမ်းဆက် တနင်္ဂနွေမင်းနှင့် ၎င်းသား မဟာဓမ္မရာဇာဓိပတိမင်းများ လက်ထက်က ရခဲ့သည့် အဆောင်အရွက်များမှာ——

ရွှေကျပ် လဖက်အိုး တကောင်းပိတ် ကျိုင်းဆင်စွယ် ၄ သစ်ခန့် ရွှေထား ငါးပတ်ခံတွင်း၊

ဟူ၍၎င်း ဖြစ်ပါသည်။ [၇၆]မြို့သူကြီးတို့နှင့် အရည်တူသည်ဟု ယူဆရသော ရွှေမှူးတို့ရသော အစီးအနင်း အဆောင်အရွက်ကို မော်ခွင် ၄ ရွာ ၁၁၂၇ ခု စစ်တန်းတွင် ၎င်း၊၁၁၄၅ ခုနှစ် စစ်တန်းတွင် ၎င်း တွေ့ရသည်။ ၁၁၂၇ ခု စစ်တန်းထွက် ရွှေမှူးရသည့် အဆောင်အရွက်မှာ——

ထားငါးပတ်ခံတွင်း ဆောက်ပြည့်အိမ်ပြည့်။ မြင်းကကိုင်း ရွှေဇဝါ စာမရီပန်းခက်ကိုက် အနားသံလေးသစ် ရွှေပိန်း နှင်းနှင်းသိပ် ရွှေဇဝါ ရွှေကြယ်တပ်။ ထွေးအင်။ တကောင်းဖုံး။ လဖက်အိုး။ ကျိုင်းအထွတ်ဆင်စွယ်ချက်ပြည့်။ ဆင်ပေါက်မ ၂ စီး။ ရွှေထီး အကွပ်အနား လေးသစ်ရွှေချထည့်။

ဖြစ်သည်။ [၇၇]၎င်းနောက်ရွှေမှူးတို့ရသည့် အဆောင်အရွက် အစီးအနင်းများ ပြောင်းလဲသွားဟန်ရှိသည်။အဘယ်ကြောင့်ဆိုသော် ၁၁၄၅ ခုနှစ် စစ်တန်းတွင် ရွှေမှူးတို့ရသည့် အဆောင်အရွက်မှာ ပိုသည်လည်းရှိ၍ လျော့နည်းသည့် အရာများလည်း ပါရှိပေ၏။

ထားအိမ်ငါးပတ်ခံတွင်း ဆောက်ပြည့်အိပ်ပြည့် ရွှေသမ္ဘာရာခွံ ရွှေခွေးတန် ရွှေနန်းငါးစည် ငါးကန် ခွေးမနောက်ပိတ် ရင်းဖျား ရွှေလေးသစ် သမ္ဘာရာခွံအိပ်နီစွပ်။ မြင်းကကိုင် ငွေဇဝါကတောင် ရွှေရေးစာမရိပန်းခက်ကိုက်အနားသံလေးသစ် ရွှေပိန်းအုပ်ခက် ကြယ်စီညောင်ရွက်ဆွဲ သက္ကလပ် ရွှေကြယ်တပ်။ ထွေးအင် တကောင်းဖုံး၊ ကွမ်းချပ်၊ လဖက်အိုး။ ထီးရိုး ၇ တောင်။ တကျွန်းပုဆိုး အနားပါ

ဟူ၍တွေ့ရလေရာ ထားမှာ ပိုမိုအဆင့်အတန်းမြင့်လျက် မြင်းကမှာ အဆင့်နိမ့်၏။ ကွမ်းချပ်များပိုလာသော်လည်း ကျိုင်းနှင့်ဆင်မပါတော့ချေ။ ထီးမှာမူအဆင့်အတန်းတိုးလာဟန်ရှိသည်။[78]

ညောင်ရမ်း နှောင်းခေတ်တွင် ရှမ်းပြည်စော်ဘွားတို့သည် အောက်ပါ အဆောင်အရွက် အစီးအနင်းများမှ အရာနိမ့် မြင့်အလိုက်——

စည်စ၍ ပေးသည်ကား စည်ဖြူ ၅ လုံးပေးသည်။ နောက်ထပ်၍ စည်ဖြူ ၇ လုံးပေးသည်။ သည်နောက်ထပ်၍ စည်နီ ၇ လုံးပေးသည်။

ရှမ်းပြည်မြို့စုစားတို့ကို စည်ပေးလျှင် စည်ဖြူ ၅ လုံး၊ ပုံ့သာ ၁၊ ပလုတ် ၁၊ လင်းကွင်း ၁၊ နှဲကြီး ၂၊ နှဲငယ် ၂၊ ခရာ ၂ ပေးသည်။[79]

ရှမ်းပြည် သိန်းနီမြို့၊ သီပေါမြို့၊ ညောင်ရွှေမြို့၊ မိုးမိတ်မြို့၊ မိုးနဲမြို့၊ ဗန်မော်မြို့၊ မိုးကောင်းမြို့၊ သည် ၇ မြို့ စော်ဘွားတို့နှင့် ယွန်းပြည် ကျိုင်းချိုင် စော်ဘွားတို့မှာ ထီးဝါ အမိုးနီ အချက် ရွှေ ၂ စင်းပေးသည်။ ရှမ်းပြည် မိုးညှင်းမြို့မှာစော်ဘွားကိုထီးဝါအမိုးနီအချက်ရွှေတစင်း ပေးသည်။

ခေမာရဋ္ဌတိုင်း ခုန်ပြည်၊ ကျိုင်းတုံမြို့၊ ဇောတိနဂရတိုင်း ဝယ်ကျိုင်းရုံးမြို့မှာ ရှေးအစည်အဆက်ဆက် နန်းအိမ်ဦးတွင် ရာဇပလ္လင်တည်သည်။ ထီးဖြူ ၄ စင်း ဆောက်ကျင်းသည်၊ ယပ်မားသံလျက် ကျင်းသည်။[80]

ရှမ်းပြည် ယွန်းပြည်စော်ဘွားတို့မှာ ကွမ်းခွက်အဝန်းပေးသည်။ သည်နောက် တဆယ့်နှစ်ရာသီကွမ်းခွက်ပေးသည်။ နောက် ကျောက် ပတ္တမြားစီကို ပေးသည်။ သုံးဆယ်စား လဲချားစားတို့မှစ၍ မြို့စုစားတို့မှာ ရွှေကျုပ်လက်ဘက်အိုး အဝန်းစ၍ပေးသည်။ သည်နောက် ကွမ်းခွက်အဝန်းပေးသည်။ ဋ္ဌာနဂီရိ ဘုမ္မဂီရိ ၂ မြို့ကို အဆောင်ပေးလျှင်ငွေကျုပ် ငွေလက်ဘက်အိုးစ၍ ပေးသည်။ သည်နောက်မိုးကြိုးကျုပ် မိုးကြိုးလက်ဘက်အိုးပေးသည်။ သည်နောက်ရွှေကျုပ် လက်ဘက်အိုးပေး၍ ဆောင်ရသည်။[81]

အဝေးမြို့ စော်ဘွားတို့တွင် လှေမှတ်ပေးသည်ကားပန်မော် စော်ဘွား၊ ညောင်ရွှေ စော်ဘွားတို့ကို လှေစက္ကဝက်ရုပ် လှေဟင်္သာရုပ် ခေါင်းအမြီး အတောင် ရွှေတစုအနီတစုကိုပေး၍ စီးနင်းရသည်။[82]

စသည်ဖြင့် ချီးမြှင့်ခြင်းခံကြရပေသည်။

ဗဒုံမင်းလက်ထက် လက်မိုင်းစော်ဘွားအား အဆောင်အရွက် အစီးအနင်းပေးသည်ကို အပြည့်အစုံ ဖော်ပြပါမည်။

လက်မိုင်စော်ဘွား စေ့ဆင့်ကို ထီးနီ ၂ စင်း ညောင်ရွက် ၃ ဆင့် ထီးချက် ထီးလက် ထီးရိုး ရွှေပိန်း။ ကွမ်းခွက် ၁၂ ရာသီ။ လက်ဖက်အိုး တကောင်းပိတ် ကွမ်းလိပ် ၃ မြွာ ကြုတ်ခွက်အစုံ၊ ငွေထွေးအင်။ နားတောင်းဘော့ခြယ်။ စလွယ် ၉ သွယ်။ ရှမ်းဖေါင်းဖြူရွှေသားပိန်း ၉။ တမာရွက် ၄ မျက်နှာထောင်။ မြင်းကကိုင် ညောင်ရွက် ၉ ရွှေဇဝါ ပိန်း နှင်းနှင်းသိပ်အိမ်မြောင် ရင်ပတ်ကွင်း ငွေဇဝါကတောင်ရွှေပိန်း။ မြင်းကြိုးခတ္တီပါရွှေကြယ်တပ်။ စီးနိုးတင်ရန်း ခတ္တီပါ။ စက်ရှန်း ၃ ဆင့်။ ဆင်ပေါင်းဝန်း။ ကခွက်ရွှေ ၂ စု အနီတစု။ တိုင်ထုပ်လျောက် ရွှေပိန်း။ အုံးနီ ယပ်နီ။ ချင်ပိတ်ရွှေ ၂ စု အနီ ၁ စုအထွတ် ရွှေပိန်း။ အလံကျည် လှံကျည် ရင်းဖျား ရွှေ ၁။ ထား မိုးကြိုးဆင် ရွှေချည်စုံ အိမ်ဖြူ သက္ကလတ် အိမ်နီသွပ်။ စုံတံဆိပ် ထားလိုက် အမျိုးရွှေကွပ် အိမ်ဖြူ ၆ စင်း။ ဟော် အဆောင်မ အဆောင်ဦး လည်ပေါ် ပြတင်းရွှေချ။ လက်ဝဲဆောင်၊ လကျာဆောင် နောက် ၃ ဆောင် စကြောတပွင့် ခြင်ပိတ် အမွမ်း လှီပြောက်။ တိုင်အနီသုတ်။ စည်နီ ၇ စည်ပုတ် ၁ ပုံသာ ၁ နှဲကြီး နှဲငယ် ၂ ခရာ ၁ တပိုး ၁ လင်ခွင်း ၁။ ဆောင်ထီး အထွတ် မှော်ပွင့် ရွှေထည့် ထီးရွက် အနားပတ်လည် သံ ၂ ရွှေထည့်။ ဆင်ပေါက် ၁ ဆင်မ ၁။ သနားတော်မူသည်။ စာချွန်ရေးမြဲ ရေး၍သွင်း။[83]

ဘုရင် မင်းမြတ်သည် နှစ်စဉ် သတင်းကျွတ်လတွင် ဥကင်းတော်ဖွင့် ဝါကျွတ်ကန်တော့ ဆက်ခံမြဲဖြစ်သည်။ ထိုအခါတွင် မြို့ရွာအသီးသီးမှ ဝါကျွတ်ကန်တော့လက်ဆောင်များဆကာသကြရ၏။ ကန်တော့ ဆက်သရာ၌ တမြို့နှင့်တမြို့ တရွာနှင့်တရွာ ကွဲလွဲချက်များရှိပါသည်။ ကန်တော့ဆက်သရာ၌၊ အချို့ရွာသူကြီးများက ဖျင်တစင်း ဆက်ရသည်။[84] ပုဂံမြို့ကျေး တန်းခေါင်း သူကြီးငယ် စချီ မြစ်ရိုးတိုင် ကုတ္တိုရိုး တည်ပွဲကောက်တို့သည်လည်း ရွာသူကြီးများ နည်းတူ ဖျင်တစင်းစီ ဆက်ကြရ၏။[85] အချို့ရွာသူကြီးများက ဖျင်တောင်မှ ထွာမီ ဆက်ကြရပေသည်။[86] မြင်းစီးတို့မှာ မြင်းတစီး ဖျင်တစင်း မြင်းစာရေးတို့နည်းတူ ကန်တော့ ဆက်ကြရ၏။[87] မြို့သူကြီးတို့မှာ မြို့ကြီးငယ်ကို လိုက်၍ကန်တော့ ဆက်ရဟန်တူသည်။ တူရှင်းတိုင်မြို့သူကြီးမှာ ငွေဖလား ၂ ခုတ်နှင့် ဖျင်တစင်း ပုဂံမြို့သူကြီးနှင့် ရွာသာ မြို့သူကြီးတို့မှာ ငွေဖလား ၅ ခုတ်နှင့် ဖျင်တစင်း၊ ပုဂံမြို့ မင်းသား၊ ၄ ရိုးတို့မှာ ရွှေဖလား ၅ ခုတ်နှင့် ခါသာအုပ် ပေးဆက်ကြရ၏။ စော်ဘွားတို့သည်လည်းဝါကျွတ်ကန်တော့ဆက်ကြရလေရာကျိုင်းရုံးသေည် ဝိဘွားက တနှစ်လျှင် ရွှေဖလား ငွေဖလား ရွှေပန်းခိုင် ငွေပန်းခိုင် ရွှေပေါက်ပေါက် ငွေပေါက်ပေါက် တမျှပ်ပုဆိုး နီပါးထည် ပုဆိုး ခါသာ ဖျင် ပုဆိုးဖြူနှင့် မြင်းများ ဆက်သရ၏။[88]

မြို့ရွာအုပ်ချုပ်သူများနှင့် ၎င်းတို့ မိဘ သားမယားတို့မှာ သင်္ဂြိုဟ်ထုံး သီးခြားရှိကြလေသည်။ ဤအကြောင်းအရာကို အထောက် အထား အနည်းငယ်သာ တွေ့ရပါသေးသည်။ မြင်းစီးတို့ သင်္ဂြိုဟ်ထုံးမှာ—

သေလွန်လျှင် ဗိတန်သံညှင်း ပျဉ်အဖုံးသတ် သင်္ဂြိုဟ်ရပါသည်။

ဟု စလင်္ကသူကြီးစစ်တမ်း၌ တွေ့ရ၏။ မြို့သူကြီးတို့ သင်္ဂြိုဟ်ထုံးမှာ မြို့အလိုက် ဖြစ်ဟန်တူသည်။ စဉ့်ကူးမြို့သူကြီးတို့သေလွန်လျှင်—

ပျဉ်အဖုံး ကမွတ် ရွှေပြည့် ပန်းစစ် ဗိတန် ညောင်ရွက်ဆွဲသမြင်းတိုင် ချင်ပုရွှေထည့် ဖိတ်းထင်း စန္ဒား ယမားအိုး ပချုပ်မှုတာ ရွှေထည့် ငွေထည့် ငှက်ပျော ပလ္လင် မြင်းတား ကျိုင်းဆောင်၍ မီးလောင်တိုက် ငှက်ချေး ခံနှင့် သင်္ဂြိုဟ်ရပါသည်။

တလုပ်မြို့သူကြီးတို့မှာ—

သေလျှင် စင်နိမ့် စင်မြင့် အောက် စန္ဒား ယမား ဖိထင်း စမြင်းတိုင် ငှက်ချေးခံ မီးလောင်တိုက် ၄ ပေါက် ပျဉ်ခုံ ချင်ပုဖြူ အဖုံးရွှေချပွဲကျင်း၍ သင်္ဂြိုဟ်ပါသည်။

ပုံမြို့အဝင် တောင်ဖက်တန်းခေါင်း သင်္ဂြိုဟ် ပုံကို ၁၁၂၇ စစ်တန်းတွင်—

ကျွန်တော် ခေါင်းသူကြီး သေလွန်လျှင်၊ တလား ဗိတန် နီပါးထည် က မတ်ကုန်အောင် ရွှေပြည့် ငှက်ချေးခံ မီးလောင်တိုက် ပျထံ ချည်သွား စဏ္ဍား ယပ် ခမောက် ထုတ်လျှောက် တင်မယင်း အထွတ် ရွှေထည့် မီးယပ် ပေါင်နှင့် သင်္ဂြိုဟ်ရပါသည်။ [၃၉]

တန်းခေါင်းခြင်း [တူသော်လည်း တောင်ပံတန်းခေါင်းတို့ သင်္ဂြိုဟ်ပုံမှာ တောင်ဖက်တန်းခေါင်းတို့ သင်္ဂြိုဟ်ပုံလောက် အဆင့်အတန်း မြင့်ဟန် မတူချေ။

တန်းခေါင်းတို့၌ မိဘ သားမယား သေလွန်လျှင် ပျဉ်အဖုံး ကပတ်ရွှေ ပတန်း ချည်သွား စန္ဒား ယမါး ဒါး ခမောက် မြင်းဘောင်နှင့် ငှက်ချေး ကန် မီးလောင်တိုက် ထင်းဖရင်းအပျား ရွှေထည့် သင်္ဂြိုဟ်ပါသည်။[၄၀]

ပုံမြို့ မင်းသားလေးရိုးနှင့် အခြား အရာထမ်းများ၏ သင်္ဂြိုဟ်ထုံးကို မသိရသော်လည်း ပုံမြို့သူကြီးတို့၏သင်္ဂြိုဟ်ထုံးကို ၁၁၄၅ ခု စစ်တန်းတွင် တွေ့ရ၏။

မြို့သူကြီးတို့ သားမယား မိဘတို့ သေလွန်လျှင် အဆောင် အရွက်ကို ကျင်းပ၍ ပျဉ်သလွန်ခြေ အဖုံး ကမွတ် ရွှေဖဲနီ ပန်းစစ် ရွှေမော်ကြဲ ချင်ပုနီပါးထည်မှမ်း ရွှေမှုတာ ဗိတန် ရွှေညောင်ရွက်ဆွဲ ခြေ ၆ အိပ်ရာ ဝတ်လဲ စားပွဲ ထင်းမီး ရင်း စန္ဒား ယမား ရွှေမှုတာ ငွေမှုတာ ရွှေပချုပ် ငွေပချုပ် ငှက်ချေးခံ မီးလောင်တိုက်နှင့် သင်္ဂြိုဟ်ရိုးရှိသည်။

ရွှေမူးတို့ သင်္ဂြိုဟ်ထုံးကို မော်ခွင် ၄ ရွာ ၁၁၂၆ ခု စစ်တမ်းတွင်—

ရွှေမူး အစိုးရင်တို့ သေလွန်လျှင် ပျဉ်ဖုံး ချင်ပု အဖုံး အပိတ်ရွှေထည့်၍ မီးလောင်တိုက်ငှက်ချေးခံ စန္ဒား ယမားနှင့် သင်္ဂြိုဟ်ရပါသည်။[၄၁]

စော်ဘွား မြို့စား၊ မြို့ဝန် စသော မြို့ရွာ အုပ်ချုပ်သူတို့ သင်္ဂြိုဟ်ထုံးကို အတိ အကျ မသိပါ။ **လောကဗျူဟာ** တွင် ၎င်းတို့ သေလွန်လျှင် ဘုရင်မင်းမြတ်က ဆောင်ရွက်ရပုံကို သာ ဆိုထားသည်။ [၄၂]

အစုအစဉ်ထမ်းရိုးရွက်ရိုး

ကုန်းဘောင်ခေတ်ဦး မြို့နယ်များကို အုပ်ချုပ်ရာ၌ "အစုအစဉ်ထမ်းရိုးရွက်ရိုး" ဟူ၍ မြို့နယ်အလိုက်ရှိပေသည်။ အစုအစဉ်ထမ်းရိုးရွက်ရိုး၏ အဓိပ္ပါယ်မှာ ဘုရင်မင်းမြတ် လွှတ်တော် မြို့စား မြို့ဝန်စသည်တို့က ခိုင်းစေသည့် အရေးပေါ် ကိစ္စမဟုတ်သော အမြဲတစေ ဆောင်ရွက်ရသည့် လုပ်ငန်းမျိုးကို ဆိုလိုသည်။ ၎င်းတွင် လယ်ယာကိုင်းကျွန်း အခွန် ကောက်ခံပုံ၊ တံခါးခွန်၊ အင်းခွန်၊ ရွှေခွန်၊ ငွေခွန် စသော အကောက် ကောက်ပုံများ စသည်တို့ပါရှိသည်။ သတိပြုရမည့်အချက်ကြီးမှာထိုခေတ်အခါက ယခုကဲ့သို့ ငွေကို ဒင်္ဂါးခတ်သုံးစွဲခြင်း၊ ငွေစက္ကူရိုက်နှိပ်သုံးစွဲခြင်း* မရှိသောကြောင့်ငွေကြေးကို အလေးချိန်ဖြင့်သာ သုံးစွဲလေ့ရှိကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် အခွန်ကောက်ခံရာ၌ ငွေကြေးနှင့်ပေးဆောင်ရသောအခါတွင် ကျပ်ချိန်ဖြင့်ပေးကြရ၍၎င်းကဲ့သို့ မပေးလျှင်မူထွက်ကုန်နှင့်ပေးရပါသည်။ **ဘမြို့နှင့်တမြို့ တနယ်နှင့်တနယ် လုပ်ငန်းဆောင်တာ မတူလေရကား အစုအစဉ်ထမ်းရိုးရွက်ရိုးမှာလည်း ကွဲပြားလေ၏။ ထို့ကြောင့် ၎င်းကို မည်သည့်မြို့ရွာတွင် မည်ကဲ့သို့ရှိသည်ဟူ၍ တမြို့တရွာစီ မြို့ရွာအလိုက်ဖော်ပြရပေမည်။

တလုပ်မြို့

အစုအစဉ်ထမ်းရိုးရွက်ရိုးများကို ဖော်ပြရာ၌ရှေးဦးစွာတလုပ်မြို့အကြောင်းကိုဆိုပါမည်။[၄၃] တလုပ်မြို့တွင် မြို့သူကြီးတရိုးတည်းသာရှိ၏။[၄၄] တလုပ်မြို့၏ နယ်မြေအပိုင်းအခြားကို—

တရုပ်မြို့နယ်ကား အရှေ့ကိုလားသော် ယုန်ထိုးတောင်။ တောင်ကိုလားသော် ကြိန်ကျမြင်းသည်ရွာ။ အနောက်ကို လားသော် ညည့်ရွာ ပလင်း။ မြောက်ကိုလားသော်မြောကြီးမြေနှင့် ကျောခိုင်း။[၄၅]

ဟု ဆိုထားသည်။ တလုပ်မြို့တွင် မြို့မဥပစာနယ်မြေ၊ တောင်လက်၊ မြောက်လက်ဟု ခွဲထားပါသည်။ တောင်လက်၌ကျေးရွာ ၆၉ ရွာ အနက်အသည်လူမရှိရွာ ၂၇ ရွာတစု၊ အသည်လူရှိ

* Currency.

** in kind.

၂ ရွာတစ်၊ အသည်လူမရှိ ၁၀ ရွာတစ်၊ မြင်းလူရှိရွာ ၂၉ ရွာတစ်၊ မြင်းရွာလူမရှိ ၁ ရွာ တို့ဖြစ်ပါသည်။ မြောက်ဘက်တွင်ရွာပေါင်း ၇၄ ရွာအနက် လူရှိ ၃၅ ရွာ၊ လူမရှိ ၁၂ ရွာ၊ ကခေလးသိန္နဒိုင်း တော်သားတို့ နေမြေ ၇ ရွာ၊ မြင်းရွာလူမရှိရွာ ၂၀ တို့ဖြစ်ပါသည်။

တလုပ်မြို့နယ်တွင် ဝတ်မြေ၊မင်းစားမြေ၊ မြင်းမြေ၊ အသည်ရွာဒိုင်းမြေ၊ မြို့သူကြီးစားမြေစသည်ဖြင့် မြေအမျိုးမျိုးရှိပေသည်။ မြို့မ ဥပစာနယ်တွင် သုံးပန်လု ဘုရားကို နားတောင်းများမင်းနှင့် သတိုးမမ္မရာဇာမင်းတို့ လှူသောဝတ်မြေ၊ ရာဇသကြံ မြောက်ရွှေကျောင်းကို လှူသည့်ဝတ်မြေ၊ ကန်တော်ကျောင်းကို ဒုတိယမင်းခေါင် လှူသည့်ဝတ်မြေနှင့် ဆိမ်းခုံကျောင်းကို နရပတိ လှူသည့်ဝတ်မြေများရှိ၍ ပယ် ၁၀၀ (ဧက ၁၇၅) ခန့်ဖြစ်မည် ထင်ရပါသည်။ မြို့နယ်ပါ ကျေးရွာများ၏ စစ်တန်းလေးငါးခုသာ တွေ့ရှိသေးသောကြောင့်ရွာတိုင်း၏ အကြောင်းအရာကိုမသိရပါ။ အနိမ့်ရွာ၌ ကျောင်းဖြူသိမ်ဝတ်မြေနှင့် တလုပ်ကန်တော်ကျောင်း ဝတ်မြေ၊ ပျိုးကန်ရွာ၌ ခွေးချီဘုရား ဝတ်မြေနှင့် စည်းခုံဘုရား ဝတ်မြေများရှိသည်ကိုသာသိရပါသည်။ တလုပ်မြို့စစ်တန်း၌ ကျေးရွာများကို ခြုံ၍၊

စီရင်စု ကျေးစု ကျေးလက်ရွာများတွင် ကျောင်းဘုရား ဝတ်မြေများမှာ ဆိုင်ရာသူကြီးမြင်းစီးမြေတိုင် ငယ်တို့က အသီးသီး စာရင်းတော်ကို ဆက်သွင်း ကြပါသည်

ဟူ၍၎င်း၊ တောင်လက် မြောက်လက်ရှိရာ ကျောင်းဝတ်မြေများမှ မြေခွန်ကို ဝတ်သိမ်း သဃ်္ဃာတို့က စားရသည်။

ဟူ၍၎င်းဆို၏။ မြို့မဥပစာနယ်ရှိ ဝတ်မြေများမှ လုပ်သားတို့သည် စပါးတင်း ၁၀၀ ထွက်လျှင် ခွန်မ ၁၀ တင်း သူကြီးစား ၂ တင်း၊ စာရေးစား ၂ တင်း ပေးရသောကြောင့် အခွန်မှာ တင်း ၁၀၀ လျှင် ၁၄ တင်းဖြစ်ပါသည်။ ခွန်မ ၁၀ တင်းကို ဆိုင်ရာဘုရားကျောင်း သဃ်္ဃာတို့က စားသုံးရပါသည်။ ကိုင်းလုပ်သူတို့မှာလည်း ၎င်းနည်းတူဖြစ်၏။ အပိုအကဲကား မပေးရချေ။ ယာလုပ်သူတို့မှာ နှမ်းမျိုး ၁ တင်းကျကို ခွန်မငွေ ၁ိ၊ သူကြီးစား ၁ူး စာရေးစား ၁ူး ပေးရသည်။ ထို့ကြောင့် အခွန်မှာ စုစုပေါင်း ၁ိ ၂ူး ဖြစ်ပါသည်။ ခွန်မငွေ ၁ိ ကို ဆိုင်ရာ ဘုရားကျောင်းစသည်ကို ပေးရ၏။ အနိမ့်ရွာရှိ ဝတ်မြေမှလုပ်သားတို့သည် စပါး ၁၀၀ လျှင် ခွန်မ ၁၀ တင်း၊ တိုင်စား ၂ တင်း ပေးသွင်းရသည်။ ခွန်မကို ဝတ်သိမ်းသဃ်္ဃာတို့ကို ပေး၍ တိုင်စားကို သူကြီးမြေတိုင်တို့ကို ပေးရ၏။

မင်းစားအခွန်တော်ဝင်ငွေမှာ မြို့မဥပစာတွင် သံရောင် ၆၂ ပယ် မိုးကောင်းခြေကြောက်လယ် [၉၆] စပါးတင်း ၃,၁၁၀ ထွက်နှင့်ကုန်းယာနှမ်း ၁၂ တင်းခွဲကြဲရှိပါသည်။ အနိမ့်ရွာတွင်လည်း ပယ်ဖွဲ့ရေးရိုး ခြေကြောက်ရေးရိုး မင်းမြေ ၂ မျိုးရှိ၏။ ပယ်ဖွဲ့ရေးရိုးတွင်မြို့ဥပစာမှ—

လုပ်သူတို့မှာ လယ်တပယ်ကိုခွန်မစပါး ၂ဲ လယ်ဖိုးကြေး ၁၆ိ အကဲကြေး ဂ၆ ချင်တို့ စပါး ၂ဲ အဆောင်ကြေး ၄ဂိ ၂ံ ရေး ၁ိ မြို့သူကြီးတဝက် ရေးသူလုလင်တို့ တဝက် စားယူရပါသည်။

ဟု စစ်တန်းထွက်ရှိလေရာကား လုပ်သားတို့မှာ လယ်တပယ် လုပ်လျှင် စုစုပေါင်း ပေးဆောင်ရသည်မှာ စပါး ၄ တင် ၁ စိတ် နှင့် ကြေး ၂၉၄ိ ၂ံ ဖြစ်ပါသည်။ အနိမ့်ရွာ၏ ပယ်ဖွဲ့ရေးရိုးမှာ—

တပယ်လျှင် ခွန်မ ၃ိ အဖိုးကြေး ၃၀ အကဲ ၃ဝိ ပို ၁၅ ဆောင် ၉ဝိ တိုင်စား ၁ံ ဖြစ်သောကြောင့် အခွန်မှာ စပါး ၄ တင်း ကြေး ၁၆၅ိ ဖြစ်ပါသည်။ ထို့ကြောင့် မြို့မဥပစာနယ်ထက်၊ အခွန်လျော့နည်းဟန်ရှိ၏။

မြို့မ ဥပစာမြေမှ ခြေကြောက်ရေးရိုးမှာ စပါး ၁၀၀ လျှင် ခွန်မစပါး ၁၀ တင်းအပို ၁ တင်း ကြီးစား ၃ိ ၂ံ ရေးစား ၃ိ ၂ ဖြစ်၍ အပိုကြီးစား ရေးစားတို့ကို မြို့သူကြီးနှင့် ရေးစစ်သူတို့က စားရ၏။ ထို့ကြောင့် လုလင်တို့မှာ စပါး ၁၀၀ ထွက်လျှင် စပါး ၁၁ တင်းနှင့် ငွေ ၇ိ ခွန်မနှင့် သူကြီးစား စသည် ပေးရသည်။ အနိမ့်ရွာမှ ခြေကြောက်ရေးရိုးမှာ စပါး ၁၀ လျှင် အခွန် ၁ တင်း ၂ စိတ် အပိုကြေး ၂ဝိ အကဲ ကြေး ၂ဝိ ရေးစား ၇ဝိ ဆောင် ၆ဝိ ဖြစ်သောကြောင့် လုပ်သားတို့မှာ စုစုပေါင်းစပါး ၁ တင်း ၂ စိတ်နှင့် ကြေး ၁၇ဝိ ပေးရ၏။ ထို့ကြောင့် ဥပစာမြေထက် အခွန်လျော့နည်းသည်၊ ဥပစာမြေ တွင် နှမ်းစိုက်လျှင် နှမ်း ၁ တင်းကျကိုခွန်မငွေ ၁ိ ကြီးစား ၃ူး ၁ ရေးစား ၃ူး ၁ စုစု ၁ိ ဂူး ပေးဆောင်ရသည်။ အနိမ့်ရွာမှ နှမ်း အကြောင်းကို "မင်းမြေမှာ မင်းမြေနည်း" ဟုသာ ဆိုထားလေ၏။ တလုပ်မြို့သူကြီးမှာ စပါး ၁,၀၀၀ ထွက်လယ်များကို လုပ်စားရ၍ အခွန်တော် မဆောင်ရပါ။

မြင်းမြေများမှာ အခွန်သွတ်ငြိမ်း၏၊ မြင်းစီးတို့၌ တိုင်သူရင်း မင်းမှုအပေါ်ဝန် *တရားစကား အရှုပ်အထွေးရှိလျှင် ဒိုင်းခေါင်း အဝန်းတို့က စီရင်ရ၍ အမှုမပြီးပြတ်သောအခါ မြို့ရုံးသို့တင်လျက် မြို့သူကြီးက စီရင်ရသည်။ မြင်းရွာများမှာ တိုင်သူရင်း မင်းမှု မင်းခင်း ရာဇဝတ်နှင့် ဆိုင်သည့် တရားစကားများကို မြို့သူကြီးက ခွဲခန့် စီရင်ရသည်။ မြင်းရွာအငုရင်းသားတို့ နှုတ်ကြူးနှုတ်လွန် အမှုများကို မြင်းစီးတို့က စီရင်ရသော်သည်း မပြီးမပြတ်လျှင် မြို့သူကြီးကစီရင်ရ၏။ ဒိုင်းအစုသားတို့နှင့် အသည်အလာ ဝင်နေကပ်ပါးတို့ကို မြို့သူကြီးက ခန့်ခွဲစီရင်ရသည်။ တလုပ်မြို့ ဥပစာနယ်မှ အပေါ်ဝန် တရားစကားရှိလျှင် မြို့ရုံးသို့ မြို့သူကြီးကဘက်၍ စီရင်ရသည်။ ရသည့်ကွမ်းဘိုး တဝက်ကို အရာတော် ဆက်သွင်း၍ တဝက်ကို မြို့သူကြီးနှင့် အခြားရုံးအမှုထမ်းများ ဝေစားကြရသည်။ တလုပ်မြို့ ကျေးစကြူးရွာမှတရားကွမ်းဘိုးကို တလုပ်မြို့ရုံးအား တဝက်ဆက်၍ တဝက်ကို သူကြီးစားရသည်။ မြို့ရုံးတွင် ဆက်သည့် တဝက်မှာ အရာတော်အတွက် ဖြစ်ဟန်တူသည်။ ဥပစာနယ်တွင် ကျွဲ နွားမြင်းဝင်တို့မှာ ၁၂ လစေ့၍ အရှင်မပေါ်

---

* အဓိပ္ပါယ်မသိပါ။

လျှင်ရောင်းချလျှက် အရာတော်တဝက် ပေးဆက်ခါ ကျန်တဝက်ကို မြို့သူကြီးနှင့် ထိန်းကျောင်းသူတို့ ဝေ၍စားကြရ၏။ စကြူးရွာ ကျွဲ ဝင်နွားဝင်မှ ရရှိသည့် ဝင်ငွေတဝက်ကို တသုပ်မြို့ရုံးသို့ဆက်၍ ထက်ဝက်ကို သူကြီးစားရသည်။ ဥပစာနယ်တွင် ကျွဲ နွားသေလျှင် မြို့သူကြီးကို အနံတဘက် ပေးရသည်။ စကြူးရွာတွင် ကျွဲ နွားသေလျှင် နံသားတဘက် လက်တဖက်သူကြီးက စားရသည်။

တသုပ်မြို့မှာ အင်းတိုင်၊ ရည်းတိုင်၊ ဆိပ်တည်ပွဲ၊ ကင်းကူတို့ လုပ်သူများရှိသည်။ ၎င်းတို့၏ လုပ်ချိုးမှာ အင်းခွန်နှင့် စပ်လျဉ်း၍—

> အင်းတိုင်ချိုးမှာ ရေဆီရေခွန် အဖိုးငွေ ၁၀၀ ရလျှင် ခွန်မ ၁၀ိ အပို ၁ိ ကြီးစား ၂ိ ရေးစား ၁ိ အင်းတိုင်မှာ ရေးစစ်၍ ခွန်မကို အရာတော်မှာ ဆက်သွင်းရပါသည်။ အပိုကြီးစား ရေးစားမှာ ဝေ၍စားကြပါသည်။ ၎င်းအရာရှိတို့ပြတ်လျှင် ကျွန်တော် မြို့သူကြီးက ခန့်ထား၍ အရာတော် ဆက်ရပါသည်။

ဟု ဆိုထားသောကြောင့် အင်းလုပ်သူတို့မှာငွေ ၁၀၀ ဖိုးရောင်းရလျှင် စုစုပေါင်း အခွန်ငွေ ၁၄ိ ပေးသွင်းရသည်၊ သုံးပန်သုဝဘ်မြေတွင်ရှိသော ကြိုးသေအင်းမှ ငါးကို မြို့ရွာနေသူတို့ ဖမ်းယူကြလျှင် အခွန်မဆောင်ရ။ ရသည့်ငါးမှ သင်္ဃာစား တပည့်စား လိုသောက်ရုံသာ ပေးရ၏။ တသုပ်မြို့တွင် ရက်ကန်းလုပ်ငန်းရှိသောကြောင့် အိမ် ၁၅၀ လျှင် ရည်းတိုင် ၄ ဖျမ်းမျှထွက်၍ ရည်းတစခင်းလျှင် ဖျင်တစင်း အပိုကဲ ဖျင်တစင်းကောက်ခံ၍ မိဝင်သက ရေးစစ်သိမ်းခံခါ အရာတော်အဖို့ကို ဆိုင်ရာသို့ ပေးသွင်းပြီးလျှင် အပိုအကမှာ ရေးစစ်သူတဝက် ရည်းတိုင်တဝက် စားကြရသည်။ မနယ်လုပ်ငန်းသည်း ရှိသည်။ သို့ရာတွင်ထိုခေတ်မြန်မာတို့ မနယ်ကိုခံအောင် မပြုတတ်ကြ သေးသောကြောင့် အရည်အဖြစ်သာ အသုံးပြုကြရရှာသည်။ [၉၇] ထို့ကြောင့် မနယ်အခွန်ကောက်ရန် ခန့်မှန်းသည်မှာ အိမ်ခြေ ၁၅၀ လျှင် မအိုး ၄ လုံးတွက်၍ ၁ လုံးလျှင် မရည်ချိန် ၅၀ အပိုအကဲ ၅၀ စုစုပေါင်း ချည် ၁ ပိဿာပေးရသည်။ မြစ်ဆိပ်တွင် အခွန်ကောက်ပုံကို "ဆိပ်မှာ မြို့သူကြီးက ကောက်ခံ ရပါသည်။" ဟူ၍ သာမည ဆိုထား၏။ အနိမ့်ရွာမှ ဆိပ်ခွန်မှာ ဝါး ၁၀၀ လျှင် ၁၀ နှင့် သစ်ပျဉ်မှာ ငွေ ၁၀ိ ဖိုးရောင်းရလျှင် ရောင်းသူထံမှငွေ ၁ိ ဝယ်သူထံမှငွေ ၁ိ ကောက်ခံ၍ ပွဲစားလုလင်တဝက် သူကြီးတဝက် စားသုံးရသည်။တည်ခွန်မှာ အနိမ့်ရွာတွင် ရှိဟန်တူသည်။ ၎င်းရွာ စစ်တန်း၌—

> ချိန်ခွန်မှာ ၁၀၀ ရလျှင် ခွန်မ ၁၀ိ အပိုငွေ ၁ိ ရေးစား ၃ူး ကဲ ၃ူး ကောက်ခံ၍ ခွန်မ ရေးစားများကိုရေးစစ်သူတို့ကိုပေးရသည်။ တိုင်စားကို မြေတိုင် စားရပါသည်။

ထို့ကြောင့် ကုန်သည်တို့မှာ ငွေ ၁၀၀ ဖိုးရောင်းရလျှင် စုစုပေါင်း ငွေ ၁၁ိ ၆ူး ပေးရဟန်တူသည်။ ၎င်းစစ်တန်းတွင် တိုင်စားကို မြေတိုင်က စားရသည်ဆိုသော်လည်း တိုင်စား မည်မျှဟု မတွေ့ရပါ။ အကဲစား ဆိုသည်မှာအကြီးအကဲ၏ အဝေဖြစ်ဟန်တူသည်။ မြို့မတွင် ပွဲခကောက်စားပုံမှာ ဆိပ်ခွန်ကဲ့သို့ ဖြစ်မည်ဟု ထင်ရ၏။ ငွေ ၁၀ိ ဖိုးရောင်းရလျှင် ဝယ်သူထံမှငွေ ၁ိ ရောင်းသူထံမှငွေ ၁ိ ကောက်ခံ၍ တဝက်ကို အရာတော် ဆက်သွင်းခါ တဝက်ကို ပွဲစားလုလင်တို့ ဝေစားကြရသည်။ ကူးတို့ပို့ရာတွင် မြို့မနေသူတို့ ကူးလျှင်လူခ မပေးရသော်သည်း တကျေး တရွာသားတို့ကူးလျှင် လူတယောက်လျှင် ပိုက်ဆံ ၁ ကျ ပေးရ၏၊ ကျွဲ နွားကူးလျှင် တကောင်ကို ငွေ ၁ူး၊ မြင်းတကောင်လျှင် ငွေ ၂ ကျပေးရသည်။ မြို့နယ်အတွင်း မြေရောင်း မြေပေါင်ရှိလျှင် ရောင်းပေါင်သူထံမှ ငွေ ၁၀ိ ဖိုးလျှင် ငွေ ၂ိ၊ ပေါင်ဝယ်သူထံမှငွေ ၁ိ မြို့သူကြီးသို့ ပေးရသည်။ အနိမ့်ရွာတွင် တောထိုးမြက်ခတ်ဆိုသည့် အခွန်မျိုးလည်းရှိ၏။ ၎င်းတွင် လုပ်သား တယောက်က အခွန်ကြေး ၁၀ိ စီပေးရ၍ တိုင်စား ၃ တင်းနှင့် တင်းနိုးသက်ခုတ်ကို မြေတိုင်စားရပါသည်။ မြင်းရွာများမှ အင်းအိုင် ဆိပ်တည်ပွဲ ကင်းကူးတို့ကို မြင်းစီးများကသာ စီရင်ရပါသည်။

တသုပ်မြို့နယ်အလုံးကို ခြုံ၍ ကြည့်လိုက်လျှင် ဝတ်မြေ၊ မင်းမြေ၊ မြင်းမြေ၊ သူကြီးစားမြေ စသည်ဖြင့် မြေအမျိုးမျိုးရှိ၏။ မြေနှင့်ဆိုင်သည့် အခွန်မှာ ဝတ်မြေနှင့် မင်းမြေများမှသာ ကောက်ခံရသည်။ ဝတ်မြေမှာ မြေခွန်များကို ဆိုင်ရာဘုရား ကျောင်း သင်္ဃာများက စားသုံးရ၍ မင်းမြေမှ မြေခွန်ကိုအရာတော် ပေးရသည်။ ၎င်းမြေတို့မှ မြေခွန်ကောက်ပုံမှာ ပယ်ဖွဲ့ရေးရိုး၊ ခြေကြောက်ရေးရိုးနှင့် နှမ်းတတင်းကြဲလျှင် အခွန်မည်မျှဟူ၍ ဖြစ်သည်။ လယ်ယာလုပ်ငန်းအပြင် အခြား လုပ်ငန်းတို့မှာ တံငါ၊ ရက်ကန်းနှင့် မနယ်လုပ်၊ မနယ်ဆိုး လုပ်ငန်းများလည်း ဖြစ်ပါသည်။ ကုန်ကူးသန်း ရောင်းဝယ်ရေးလည်း အတော်အတန်ပင် ရှိသောကြောင့် ၎င်းမှ ကူးတို့ခွန်၊ ဆိပ်ခွန်၊ တည်ခွန်၊ ပွဲခွန်၊ ရောင်းခွန်တို့ကို ပေးဆောင် ကြရပါသည်။တသုပ်မြို့သူကြီးစားမှာ တနှစ်လျှင် အနည်းဆုံး စပါးတင်း ၁,၁၁၀ နှင့် ငွေ ၁၁၀ိ ခန့်ရှိ၏။ ဤသည်ကား မြေမှရသည့် သူကြီးစားသာတည်း။ တရားကွမ်းဖိုး ဆိပ်တည်ပွဲများမှ သူကြီးစား မပါသေးချေ။

စလေမြို့

စလေမြို့နယ်၏ အစုအစဉ် ထမ်းရိုးရှက်ရိုးကို စလေမြို့ ၁၁၄၅ ခုစစ်တန်း၊၁၁၆၄ ခုစစ်တန်း၊ စလေမြို့ ကျေးဥယျာဉ်ရွာစစ်တန်း၊ ကြေးနီရွာ စစ်တန်း၊ တညောင်ရွာ စစ်တန်း၊ ပုရွာစစ်တန်း၊ ပြင်းပင်ရွာစစ်တန်း၊ ရွာငယ်ရွာစစ်တန်း၊ သွေးနက်ရွာစစ်တန်း၊ [၉၈] တို့မှ ထုတ်နုတ်ဖော်ပြပါမည်။ စလေမြို့တွင် မြေတိုင် မြို့သူကြီး တချိုးတည်းသာရှိ၍ မြို့သူကြီး အရာကို ဆက်ခံလျှင် မဟာသမန်ဘွဲ့ကို ယူကြရ၏။ [၉၉] စလေမြို့၏နယ်မြေ အပိုင်းအခြားကို—

> အရှေ့ကိုလားသော် ကျောက်မဆင်း။ တောင်ကိုလားသော် ကျောက်မော။ အနောက်ကိုလားသော် မြေနီတောင် မိုက်တောင် မုံးတောင်။[၁၀၀]

ဟုဆိုထားသည်။ စလေမြို့သူကြီးပိုင်နယ်တွင် ကျေးလက်ရွာငယ် ၂၀ ရှိရာမှ လူရှိရွာ ၁၆ ရွာနှင့် လူမရှိရွာ ၄ ရွာရှိပါသည်။

စလေမြို့နယ်တွင် ဝတ်မြေ သူရဲမင်းမြေ သူကြီးစားမြေဟူ၍ အမျိုးမျိုးရှိပါသည်။ မြို့မဥပစာမြေတွင်ရှိ ဘုရားကျောင်းဝတ်မြေများမှာ ဘုရင်မင်းခေါင် ကျောင်းဝတ်မြေ၊ ညဲစုဘုရားဝတ်မြေနှင့် စကြိုဘုရားဝတ်မြေများဖြစ်ပါသည်။ ၎င်းတို့တွင် အခြောက်တောင်ယာနှမ်းအတင်း ၁၃၀ ကြဲနှင့် အစွတ်လယ်ကျွဲရှဉ်း ၆၀ လုပ်ရှိပါသည်။ ကျေးရွာများမှ ဝတ်မြေမှာ ဉယျာဉ်ရွာ၌ စကြိုဘုရားဝတ်မြေ နှမ်းအတင်း ၃၀ ကြဲနှင့် ကိုင်းကျွဲရှဉ်း ၃၀ လုပ်၊ ခွေးချိရွာတွင် စကြိုဘုရားတော်မြေ တောင်ယာနှမ်း အတင်း ၅၀ ကြဲ၊ မထွင်တောနှမ်းအတင်း ၆၀ ကြဲနှင့် အစွတ်လယ်စပါး အတင်း ၃၀၀ ကြဲများရှိလေရကား[၁၁] စလေမြို့နယ်တွင်၊ စုစုပေါင်းဝတ်မြေမှာ တောင်ယာနှမ်းအတင်း ၁၈၀ ကြဲ မတွင်တောနှမ်းအတင်း ၆၀ ကြဲ အစွတ်လုပ်ကျွဲရှဉ်း ၉၀ နှင့် အစွတ်စပါးတင်း ၃၀၀ လုပ်ရှိပါသည်။ ဥပစာနယ်ရှိ ဝတ်မြေမှ မြေခွန်မှာ ခြေကြောက်ရေးရိုးဖြစ်သည်။ အတင်း ၁၀၀ ရလျှင် လုပ်သားတို့က ခွန်မ ၁၀ တင်းတန်း တိုင်စား ၁ တင်း ရေးစားငွေ ၁ံ ဆေးတထုပ် ပေးရိုးဖြစ်သည်။ အပိုအကဲ မပေးရချေ။ ခွန်မကို ဝတ်သိမ်းသဃ် တို့အား ပေးသွင်းရသည်။ ထို့ကြောင့် လုပ်သားတို့သည်ႏွတင်းတရာလျှင် စုစု ၁၁ တင်းငွေ ၁ံ နှင့် ဆေးဘထုပ် ပေးရပါသည်။ ဉယျာဉ်ရွာရှိဝတ်မြေမှတင်း ၁၀၀ လျှင်ခွန်မ ၁၀ တင်းနှင့် မြေတိုင်စား ၁ တင်းပေးဆောင်ရသည်။ ခွေးချိဘုရားဝတ်မြေမှ အတင်း ၁၀၀ လျှင် ခွန်မ ၁၀ တင်း သူကြီးစား ၁ တင်း၊ တင်းနှီး ၁ စိတ် ၁ တင်းချင်လျှင် အမှတ်တလက်ခုတ် ပေးရသည်။ ထို့ကြောင့် လုပ်သားတယောက်မှာ တင်း ၁၀၀ လျှင် ၁၁ တင်း ၁ စိတ်နှင့် လက်ခုတ် ၁၀၀ ပေးရပေမည်။ စလေမြို့ကျေးရှိ အခြားရွာများ၌လည်း ဘုရားကျောင်းဝတ်မြေ ရှိကောင်းရှိမည်ဖြစ်သော်လည်း ထိုရွာတို့၏ စစ်တန်းများကို မတွေ့ ရှိသေးရသောကြောင့် မသိရပါ။

မြို့ဥပစာတွင် သူရဲမင်းမြေ၌ အခြောက်နှမ်းတင်း ၁၀၀ ကြဲနှင့်အစွတ်ကိုင်းကျွဲရှဉ်း ၂၀ လုပ်ရှိသည်။ ၎င်းမြေမှ မြေခွန်မှာ တောင်ယာနှမ်း နွားတရှဉ်းလုပ်လျှင် ခွန်မကြေး ၇၅ိ အပို ၇ိ ၂ံ အကဲ ၇ိ ၂ံ ပတ်ဖိုးကြေး[၁၂] ၇ိ ၂ံ ရေးစားလက်ဆောင် ၁ိ ပေးရသည်။ ထို့ကြောင့် နှမ်းနွားတရှဉ်းလုပ်လျှင် လုပ်သားမှာ ကြေး ၁၀၆ ပေးဆောင်ရသည်။ ဤသည်ကား ၄၅ ခု စစ်တန်းအရတည်း။ ၆၄ ခုစစ်တန်း၌ အခွန်ရေးစစ်ပုံမှာ ပြောင်းလဲသွားဟန်ရှိသည်။ ထိုအခါ၌ အခြောက်တောင်ယာ နွားတရှဉ်းလုပ်ကိုခွန်မကြေး ၁၅၀ အပို ၁၅ ရေးစား ၁၅ိ ပတ်ဖိုးကြေး ၂ိ ၂ံ လက်ဆောင်ဘန်း (။) ၁ိ ဖြစ်လေရကား လုပ်သားမှာ စုစုပေါင်း ၁၉၇ိ ၂ံ ပေးဆောင်ရသည်။ ထို့ကြောင့် ၄၅ ခုနှစ်နှင့် စာနာသော် ၉၂ိ ၂ံ ပိုလာတော့သည်။ မြို့သူကြီးတို့ လုပ်စားရိုးစွဲ အခြောက်တောင်ယာ နှမ်းတင်း ၁၀၀ ကြဲရှိရာ ၎င်းမှ အခွန် ပေးရသည် လွတ်ငြိမ်းသည်ကိုမသိရပါ။

စလေမြို့ကျေးတွင် မင်းမြေ၌ နှမ်းခင်းရှိသည်တို့ကို သိသရွေ့ ဆိုရလျှင် ကြေးနီရွာ၌ အခြောက်တောင်ယာ နှမ်းအတင်း ၁၀၀ ကြဲနှင့်မထွင်တော နှမ်းတင်း ၅၀ ကြဲတို့ရှိပါသည်။ မြေတိုင်က ထိုမြေများကို လုပ်သားများအား လုပ်ဆောင်စေ၍ လုပ်စာမှ ဆယ်ခိုင်တခိုင်ကို ကောက်ယူပြီး မြို့သူကြီးသို့အပ်ခါ တိုက်တော် ကျတော်တွင် ဆက်သွင်းရပါသည်။ ပျဉ်ရွာတွင် သူရဲမင်းမြေအခြောက်တောင်ယာနှမ်းတင်း ၆၀ ကြဲနှင့် မြေတိုင်လုပ်ရိုးစွဲနှမ်း ၁၀ တင်းကြဲရှိသည်။ ၎င်းမြေတွင် နွားတရှဉ်းလုပ်လျှင် လုပ်သားက ခွန်မကြေး ၇၅ိ အပို ၇ိ ၂ံ အကဲ ၇ိ ၂ံ ပတ်ဖိုးကြေး ၂ိ ၂ံ မြေတိုင်စား လက်ဆောင်ဆေး ပေးရပါသည်။ မြေတိုင်က အခွန်ကို၊ မြို့သူကြီးအား ပေးအပ်၍ အရာတော်ဆက်သွင်းရိုးဟု ဖေါ်ပြရာ လုပ်သားကကြေး ၁၀၀ိ ပေးရသည်နှင့်ညီမျှ၏။ ၁၁၆၄ ခု စစ်တန်းအရ မထွင်တောနှမ်းလည်း တင်း ၁၀၀ ကြဲရှိသည်ဟူ၏။ ပြင်းပင်ရွာတွင် အခြောက်တောင်ယာ နှမ်းအတင်း ၆၀ ကြဲရှိရာ လုပ်သားတို့ကို သူကြီးကချပေး၍ လုပ်ဆောင်စေရသည်။ အခွန်တော်အတွက် ဆယ်ခိုင်တခိုင်ကို သူကြီးကကောက်ခံ၍ မြို့သူကြီးသို့ တိုက်တော်မှာသွင်းရန် အပ်ရသည်။ စလေမြို့စားရှိလျှင် မြို့သူကြီးထံတွင် မဆက်သွင်းဘဲ မြို့စားထံ ဆက်သွင်းရသည်။ ရွာငယ်ရွာတွင် အခြောက်တောင်ယာ နှမ်းအတင်း ၃၀ ကြဲနှင့် မထွင်တော နှမ်းအတင်း ၄၀ ကြဲရှိရာ အခွန်ပေးဆောင်ရရသည်မှာ ပြင်းပင်ရွာနည်းပင် ဖြစ်ပါသည်။ သွေးနက်ရွာတွင် တောင်ယာနှမ်းအတင်း ၈၀ ကြဲနှင့် မထွင်တော နှမ်းတင်း ၅၀ ကြဲရှိရာ အခွန်ပေးရိုးမှာ ပြင်းပင်ရွာနှင့် ရွာငယ်ရွာတို့နည်း ဖြစ်ပါသည်။ အထက်တွင်ဖေါ်ပြပါ ရွာများ၌ သူရဲမင်းမြေအပြင် အခြားမြေရှိဟန်မတူချေ။

မြို့မဥပစာတွင် အစွတ်လယ်ယာ ကျွဲတရှဉ်းလုပ်လျှင် ခွန်မကြေး ၁၅၀ိ အပို ၁၅ိ အကဲ ၁၅ိ ရေးစား ၁၅ိ ပတ်ဖိုးကြေး ၂ိ ၂ံ လက်ဆောင်ဘန်း ၁ိ လုပ်သားကပေးရသည်။ ထို့ကြောင့် အခွန်စုစုပေါင်း ၁၉၇ိ ၂ံ ဖြစ်သည်။ ကြက်သွန်လုပ်သူတို့မှာ တမောင်းလျှင် ခွန်မကြေး ၇၅ိ အပို ၇ိ ၂ံ အကဲ ၇ိ ၂ံ ရေးစား ၇ိ ၂ံ ပတ်ဖိုးကြေး ၂ိ ၂ံ လက်ဆောင်ကြက်သွန် ၁ံ ပေးဆောင်ရသောကြောင့် ပေးရသည်မှာ ကြေး ၉၇ိ ၂ံ နှင့် ကြက်သွန် ၁ တင်းဖြစ်သည်။ ဆေးကိုင်းလုပ်သားတို့မှာ ကျွဲတရှဉ်းလုပ်ကို ခွန်မကြေး ၁၅၀ အပို ၁၅ိ အကဲ ၁၅ိ ရေးစား ၁၅ိ ပတ်ဖိုးကြေး ၂ိ ၂ံ လက်ဆောင်ဆေး ၂၅၀ ဖြစ်၍ စုစုပေါင်း ၁၉၇ိ ၂ံ နှင့် ဆေး ၂၅၀ ဖြစ်သည်။

စလေမြို့ ဥပစာနယ်နှင့် ကျေးလက်အချို့တို့တွင် အခွန်ဆောင်ရသော ထန်းပင်များရှိသည်။ မြို့မတွင် ထန်းတပင်တက်လျှင် ခွန်မကြေး ၇၅ိ အပို ၇ိ ၂ံ ရေးစား ၇ိ ၂ံ လက်ဆောင်ထန်းလျက် ၂ မြူနှင့် ၂ ကလပ်ပေးကြရ၏။ စုစုကြေး ၉၀ိ နှင့် ထန်းလျက်ဖြစ်သည်။ ခွေးချိရွာတော်မြေတွင် ထန်းခွန်မှာ ထန်းတရင်းတက်လျှင် ခွန်မကြေး ၇၅ိ အပို ၇ိ ၂ံ အကဲ ၇ိ ၂ံ ရေးစား ၇ိ ၂ံ လက်ဆောင် ထန်းလျက်တမြူ ၂ ကလပ်စုစု ၉၇ိ ၂ံ ဖြစ်သည်။ အခွန်ကို ဝတ္တုကံသိမ်းတို့အား ပေးသွင်းရ၏။ ပျဉ်ရွာတွင်သူကြီးစားထန်းပင် ၆၀ နှင့် အခြားထန်းများရှိသည်။ ယင်းမှ ထန်းတရင်းတက်လျှင် ခွန်သေကြေး ၇၅ိ အပို ၇ိ ၂ံ အကဲ ၇ိ ၂ံ ရေးစား ၇ိ ၂ံ ပတ်ဖိုးကြေး ၇ိ ၂ံ လက်ဆောင်ထန်းလျက်

၂ မြူနှင့် ၂ ကလပ်အခွန်ဆောင်ရသည်။ စုစုကြေး ၁၀ဝိ ဖြစ်သည်။ စလေမြို့မတွင် အိုးလုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများလည်းရှိသေးသည်။ အိုးတဖိုလုပ်လျှင် လုပ်သားက ခွန်မကြေး ၇၅ိ အပို ၇ိ၂ံ အကဲ ၇ိ၂ံ ရေးစား ၇ိ၂ံ ပတ်ဖိုးကြေး ၂ိ၂ံ လက်ဆောင် အိုး ၂ လုံး စုစုကြေး ၁၀ဝိ အခွန်ပေးဆောင်ရသည်။ ရောင်းတန်းရည်တစင်းရက်လျှင် ခွန်သေပုဆိုးဖြူ အတောင် ၁၀၀ နှင့် လက်ဆောင် လက်ဖက်တထုပ်ပေးဆောင်ရသည်။ စစ်တန်းတွင် ပိုးရက်သည် ချည်ရက်သည်ဟု ခွဲခြားရှိမဆိုသော်လည်း အခြားအထောက်အထားများမှာ စလေမြို့မှ ပိုးလုပ်ငန်းသည် နာမည်ကြီးကြောင်း ပိုးနှင့်ချည်ရော၍ ရက်သည့်အထည်များလည်းရှိကြောင်း အနံ ၅ တောင် အလျား ၂ တောင်ရှိသော ပိုးတစကို ငွေ ၁၅ိ တောင်းဆိုကြောင်း ထိုပိုးများသည် ယူနန်နယ်မှ အမရပူရသို့ ပိုးစိမ်းဘဝနှင့် ရောက်ရှိကြောင်း၊ ထိုမှတဆင့် စလေမြို့သို့ သည်ပိုးခဲ့၍ ရက်လုပ်ကြောင်း၊ စလေပိုးထည်မှာ အိန္ဒိယနှင့် တရုပ်ပြည်ပိုးထည်များထက် ခိုင်ခန့်ကြောင်းများကို ဖေါ်ပြထားသည်။[၁၀၃]

ဧရာဝတီမြစ်ကမ်း၌ တည်ရှိနေသော စလေမြို့တွင် တံငါလုပ်ငန်းလည်း ရှိလေ၏။ စလေမြို့ပိုင် မြစ်ရိုးမှာ အတော်အတန်ပင်ရှည်လျား၏။[၁၀၄]ယင်းတွင် တံငါခွန် အမျိုးမျိုး ရှိသည်။ ပိုက်တန်းတဖေါင်လျှင် ခွန်သေကြေး ၃ ပိဿာအပို ၃ဝိ အကဲ ၃ဝိ ရေးစား ၃ဝိ ပတ်ဖိုးကြေး ၂ိ ၅ျူး လက်ဆောင် ငါးကြင်းတမ ပေးရသောကြောင့် ပိုက်တန်းတဖေါင်ကို စုစု ၃၉၂ိ ၅ျူး ပေးရပါသည်။ တပသိပိုက်တဖေါင်လုပ်လျှင်ခွန်သေကြေး ၂၅ဝိ အပို ၂၅ိ အကဲ ၂၅ိ ရေးစား ၂၅ိ ပတ်ဖိုးကြေး ၂ိ ၅ျူး လက်ဆောင် ငါးကြင်းတခု စုစုပေါင်းကြေး ၃၀၂ိ ၅ျူး ပေးဆောင်ရသည်။ ၃ လွှာကွန်လေးတစင်းလျှင် ခွန်သေကြေး ၇၅ိ အပို ၇ိ၂ံ အကဲ ၇ိ၂ံ ပတ်ဖိုးကြေး ၂ိ၂ံ လက်ဆောင် ငါးတပက်ခန့် စုစုကြေး ၉၂ိ၂ံ ပေးသွင်းရပါသည်။

စလေမြို့နယ်ရှိ အခြားအခွန်အကောက်များမှာ----

ချိန်ဝန် ၁၀၀ လျှင် ၁၀ ကို မြေတိုင်စားရိုး။ [၁၀၅]

ကျွန်ရောင်းလျှင် ရောင်းသူက ငွေ ၂ံ ဝယ်သူက ငွေ ၂ံ သူကြီးစားပေရိုး။ [၁၀၆]

မြင်းရောင်းလျှင် ရောင်းသူကငွေ ၂ံ ဝယ်သူကငွေ ၂ံ သူကြီးစားပေးရရိုး။ [၁၀၇]

ကျွဲရောင်းလျှင် ရောင်းသူက ငွေ ၁ံ ဝယ်သူကငွေ ၁ံ သူကြီးစားပေးရရိုး။ [၁၀၈]

နွားရောင်းလျှင် ရောင်းသူငွေ ၁ျူး ဝယ်သူငွေ ၁ျူး သူကြီးစားပေးရိုး။ [၁၀၉]

မြေရောင်းလျှင် ရောင်းသူက ငွေ ၁၀ိ ဖိုးလျှင် ငွေ ၂ံ ဝယ်သူကငွေ ၂ံ နှင့်နှမ်းတတင်းကြဲရလျှင် ငွေ ၁ိ သူကြီးမြေတိုင်တို့ကိုပေးရရိုး။[၁၁၀]

ကိုင်းကျွန်းကျွဲ တရှဉ်းလုပ်ကို လက်ဆောင်ဖျင်တစင် မြေတိုင်အားပေးရိုး။[၁၁၁]

ကျွဲနွားသေလျှင် အနံကို မြေတိုင်သူကြီးတို့ စားရရိုး။[၁၁၂]

ကျွဲဝင်နွားဝင် တနှစ်လည်၍ အရှင်မပေါ်လျှင် အရာတော်အဖြစ် မြို့သူကြီးကိုအပ်ရိုး။[၁၁၃]

ဆင်သေလျှင် အစွယ်ကို အရာတော်အဖြစ် မြို့သူကြီးကို အပ်ရိုး။[၁၁၄]

သစ်ကြီးဝါးကြီးရှိလျှင် သူကြီးက တဝတည်း ဆိုင်ပိုင်ရိုး အခွန်ကို မြို့သူကြီးသို့ ပေးအပ်၍ ဆက်သွင်းရိုး [၁၁၅]

တို့ဖြစ်ပါသည်။

စလေမြို့နယ်အလုံးကို ခြုံ၍ကြည့်လိုက်လျှင် ဝတ်မြေ သူရဲမင်းမြေ သူကြီးစားမြေဟူ၍ အမျိုးမျိုးရှိသည်။ ဝတ်မြေမှ မြေခွန်မှာ ခြေကြောက်ရေးရိုးဖြစ်၍ ဝတ်သိမ်းသဃ်ာတို့ကိုပေးသွင်းရသည်။ မြို့မရှိ သူရဲမင်းမြေတွင် နှမ်း နွားတရှဉ်းလုပ်ကို ကြေး ၁၀၆ အခွန်ပေးသွင်းရသည်။ ကျေးရွာရှိ နှမ်းခင်းများမှ အခွန်တော် ဆယ်ခိုင်တခိုင် ပေးပို့ရိုးနှင့် နွားတရှဉ်းကို မည်မျှဟူ၍ ပေးရိုး ၂ မျိုးလုံးရှိသည်။ မြို့မဥပစာ အစွတ်လယ်ယာများတွင် ကျွဲတရှဉ်းလုပ်ကိုကြေး ၁၉ဂိ ၂ံ ပေးရသည်။ကြက်သွန်လုပ်သူတို့မှာ ကြက်သွန် တမောင်းလျှင် မည်မျှ၊ ဆေးကိုင်းလုပ်သူတို့မှာ ကျွဲတရှဉ်းလုပ်ကို မည်မျှဟုပေးကြရ၏။ စလေမြို့ကျေးတွင် သူရဲမင်းမြေနှင့် ဝတ်မြေများတွင် ထန်းပင်များရှိ၍ အသီးသီး အခွန်ပေးဆောင်ကြရ၏။ စလေမြို့ကျေး အခြားလုပ်ငန်းများမှာ အိုးလုပ်ငန်း၊ ပိုးရက်ကန်း လုပ်ငန်း၊ တံငါ လုပ်ငန်းများ ဖြစ်ပါသည်။ တံငါလုပ်ငန်းမှာ ခွန်သေပေးရ၍ ရောင်းခွန် အမျိုးမျိုးလည်း ရှိပေသည်။

ပုဂံမြို့

ပုဂံမြို့နယ်၏ အစုအစဉ် ထမ်းရိုးရွက်ရိုးကို ပုဂံမြို့ ၁၁၂၇ ခုစ်တန်း [၁၁၆]၊ ပုဂံမြို့ ၁၁၄၅ ခုစစ်တန်း၊ ပုဂံမြို့ကျေးအဝင် ကမ္ဘာနီရွာ၊ စဉ့်ကူမြို့၊ ညောင်များရွာ၊ တောင်ဘီလူးရွာ၊ တွင်းရွာ၊ ဒန့်ကျင်ရွာ၊ ပွန်ရွာ၊ ရွာသာမြို့၊ စစ်တန်းများ [၁၁၇] မှ ထုတ်ဖေါ်ပြပါမည်။ ပုဂံမြို့အုပ်ချုပ်ပုံမှာ အခြားမြို့ရွာများနှင့်မတူသည့် ကွဲပြားဆန်းကြယ်သည့် အချက်များရှိလေသည်။ အခြားမြို့ရွာများတွင် မြို့သူကြီး တရိုးနှစ်ရိုးသာ ရှိကြသော်လည်း ပုဂံမြို့တွင် မျိုးရိုးအလိုက် အုပ်ချုပ်သူပေါများ၏။ ပုဂံမြို့တွင်း စီရင်စုတွင် (၁) မင်းသား ၄ ရိုး၊ (၂) ပြည်စိုး ၄ ရိုး၊ (၃) စချီ ၄ ရိုး (၄) စိုးကဲ ၄ ရိုး၊ (၅) မော်ကွန်းထိန်း ၁ ရိုး၊ (၆) စစ်ပင်စည်ပင် ထုံးသပြား ၄ ရိုး၊ (၇) တည် ၂ ရိုး၊ [၁၁၈] (၈) ပွဲ ၁ ရိုး၊(၉) ကူတို့ ၄ ရိုးတို့ဖြစ်ပါသည်။ဤရာထူးများကားပုဂံကောင်းစားစဉ်အခါမှ ကြွင်းကျန်ရစ်ခဲ့သည့် အထိမ်းအမှတ်များ ဖြစ်တန်ရာသည်။

မင်းသား ၄ ရိုးတို့မှာ ရဲဂသူ [၁၁၉] စည်သူ [၁၂၀] ပျံချီ [၁၂၁] နှင့် တွက်ရှုကာ [၁၂၂] တို့ဖြစ်ပါသည်။ မင်းသားတို့ အစဉ်လုပ်ကိုင် ဆောင်ရွက်ကြရသည်များမှာ—

၁။ လက်အောက်ငယ်သားတို့ ပျော်ပါးရာမှ ပေါ်ပေါက်သည့်တရားစကားကို စီရင်ရခြင်း။

၂။ စစ်မှုပေါ်ရှိလျှင် အပေါင်းငယ်သားတို့နှင့် ပုဂံမြို့စားခန့်ထားသည့် လက်နက်ကိုင်တို့ကို အုပ်ကွပ်၍ လိုက်ပါရခြင်း။

၃။ ကျေးရွာတန်းသားတို့ ပျော်ပါးရာမှ ဖြစ်လာသည့် တရားစကားကို စီရင်ရခြင်း။

၄။ မြို့ဝန်မြို့ကိုင်မရှိလျှင် ခိုးမှုနှင့် ယိုးစွပ်မှုတို့ကို စီရင်ရခြင်း။

၅။ စီရင်စုမြို့နယ်အတွင်း အိမ်ဆောက်လျှင် ထမင်းတပွဲဆုံတည်လျှင် ဆိတ်ပိဿာ စားပိုင်ခွင့်ရှိခြင်း။

၆။ မြို့တွင်းပြည်စိုး တန်းခေါင်တို့ စီရင်ရသည့် ကွမ်းဘိုးများမှာ တဝက်ကို ကောက်ခံ၍ ခေမင်္ဂဆရာတော်ကို အလှူတော်ရောက်လျှင် ဆွမ်းလုပ်ကျွေး၍ သုံးကုန်သမျှကို မြို့လပ်ဘန်အား တွက်ချက်တင်ပြလျက် ကျန်သည်များကို အရာတော် ဆက်သွင်းရခြင်း။

၇။ မင်းသားတို့ စီရင်ရရှိသည့် ကွမ်းဘိုးများမှ တဝက်ကို စားသုံး၍ တဝက်ကို အလှူတော်ဖြစ်စေခြင်း။

၈။ နှစ်စဉ် ဝါကျွတ်ကန်တော့တွင် လက်ဆောင် ၅ိ ခုတ် ရွှေဖလား ခါသာအုပ် ၁ ဆက်သခြင်း။

တို့ဖြစ်သည်။ မင်းသားတို့၏ အပေါင်းငယ်သားများကို မြို့သူကြီးတို့က ချော့ထမင်း မခန့်မစေရချေ။

ပြည်စိုး ၄ ရိုးတို့မှာ ဇေယသင် [၁၂၃] သရေနံသူ [၁၂၄] နရသင်္ခသူ [၁၂၅] နှင့်မင်းလျှင် [၁၂၆] တို့ဖြစ်ပါသည်။ ပြည်စိုး ၄ ရိုးတွင် မင်းလျှင်ရိုးက အကြီးအကဲ ဖြစ်ကြ၍ မင်းလျှင်ခွဲခန့်ရာကို ကျန်ပြည်စိုးများက နာခံကြရ၏။

ပြည်စိုးတို့လုပ်ငန်းမှာ—

၁။ တိုင်သူရင်း မင်းမှုကို စီရင်ရခြင်း။

၂။ တိုင်ထောင်တိုင်ဆော် ရောက်လျှင် ရုံးတော်မှာစု၍ တန်းခေါင်တို့နှင့် အမိန့်တော်ကို ထောက်ခါ ပြည်စိုးမင်းလျှင်က ပြည်စိုးစချီ တန်းခေါင်တို့ကို အစုကျခွဲခန့်စီရင်ရခြင်း။

၃။ ပြည်စိုးမင်းလျှင်က ပြည်စိုး စချီ တန်းခေါင်များမှာ အစုသင့်ကျသည်ကို တဝတည်းစုရုံး၍ ပေးရခြင်း။

၄။ တန်းခေါင်းသူကြီးငယ်တို့ ရိုးရာတရားစကားရှိလျှင် မင်းလျှင်က စီရင်၍ တာက်ကို အရာတော်ဆက်သွင်းပြီးလျှင် တဝက်ကို ပြည်စိုးတို့နှင့် ဝေ့စားရခြင်း။

၅။ ချော့သံတမန်ရောက်လျှင် ပြည်စိုးနှင့် စချီတို့ ချော့ထမင်းအလှည့်သင့် ပို့ရခြင်း။

၆။ ကျွဲခင်နွားဝင် မြင်းဝင်များမှာ ၁၂ လစေ့၍ အရှင်မပေါ်က မင်းလျှင်သိမ်းလျက် တဝက်ကို အရာတော်ဆက်သ၍ တဝက်ကို ပြည်စိုးတို့ ဝေစားရခြင်း။

၇။ ကျွဲနွားသေလျှင် ပြည်စိုးတို့က ဆင်ကုန်း တင်သားကောက်ယူရိုး။

၈။ ဆင်သေလျှင် အစွယ်အရာတော်ဆက်ရိုး။

၉။ ဥကင်တော်ဖွင့်လျှင် ငွေဖလား ၅ိ လုပ်နှင့် ဖျင် ၁ ဆက်ရခြင်း

တို့ဖြစ်ပါသည်။

စချီ ၄ ရိုးမှာ နရပတေ့ သီဟပကြံ [၁၂၇] မဟာသမန် [၁၂၈] နာဂဝတ္တနာ [၁၂၉] နှင့် နန်သူ [၁၃၀] တို့ဖြစ်ပါသည်။ စချီတို့ဆောင်ရွက်ရိုးမှာ ပြည်စိုးတို့၏ လုပ်ငန်းတွင် ကူညီထောက်မရန်ဖြစ်ပါသည်။ စချီ တို့တွင်ပြည်စိုးများကဲ့သို့အပေါ်ဝန် အကောက်အစားစသည်များမှာ အဝေမရသောကြောင့် မြို့မဥပစာတွင် စချီ စားလုပ်မြေ ချီးမြှင့်ထားသည်။ ထိုမြေ၏အပိုင်းအခြားမှာ—

အရှေ့ကို အလံပကံ၊ တောင်ကို ကျုံးရိုးချောင်းအနောက်ကို ဘွားစောရွာ၊ ကျောက်တန်း မြောက်ကို မင်းနန်သူကျောင်းဝတ်မြေအစပ် သည် နယ် ၄ ရပ်အရှေ့အနောက်တတိုင် တောင်မြောက် ၅ ရာတွင်းခန့် ရှိပါသည်။

ယင်းမြေတွင် တောင်ယာလုပ်သူတို့ထံမှ လုပ်စာ ဆယ်ခိုင်တခိုင်ကို ကောက်ခံ၍ စချီ ၄ ယောက်ဝေ့စားကြရပါသည်။

စိုးကဲ ၄ ရိုးမှာ သိင်္ဂပစ္စည်း [၁၃၁] မနော်ရာဇာ [၁၃၂] သိင်္ဂရာဇာ [၁၃၃] နှင့်မနော်သိမ်းစည်း [၁၃၄] တို့ဖြစ်သည်။

စိုးကဲတို့၏ တာဝန်ဝတ္တရားများမှာ—

၁။ ရာဇဝတ်ခိုးသေး မီးပွါးရှိလျှင် စစ်ကြော၍ ရုံးတော်သို့ မြို့ကိုင် မြို့ကွပ်တို့ စီရင်စေရန် ပို့အပ်ခြင်း။

၂။ စစ်ဝတ် [၁၃၅] ကြေးငွေကို စားပိုင်ခွင့်ရှိခြင်း။

၃။ မြို့တွင်းမောင်းနှင့် တနေ့သုံးကြိမ် လှည့်၍ မီးနိုးဆော်ရခြင်း။

၄။ ထိတ် ကြိုး ကြိမ်ခြေချင်း ထောင်တန်းနှင့် စောင့်နေရခြင်း။

၅။ ရာဇဝတ်ကြီးကျယ်လျှင် နေပြည်တော်သို့ ကြပ်မပို့ဆောင်ရခြင်း။

၆။ ကံကျေးလေ့ကြိုး ထိုးဝါးစားဖန်များမှ မြို့ဝန်အား ခွဲခန့်ပေးပါရသည်။

အထက်ပါ တာဝန်ဝတ္တရားများကို ကြည့်ရှုလျှင် စိုးကဲမှာ ယခုခေတ် ရဲဖက်ဆိုင်ရာ အရာရှိနှင့်တူတန်ရာသည်။

မော်ကွန်းထိန်း တရိုးသာရှိ၍ ဥတ္တနရာဇာ အမည်ခံသည်။ [၁၃၆] မော်ကွန်းထိန်း၏ တာဝန်မှာ မော်ကွန်းစာရင်း ကျောက်စာများကို ထိန်းသိမ်း၍ မြေမှုအခြင်းများကြလျှင် မော်ကွန်းကျောက်

စာ စာချင်းများကို ထုတ်ပြခါ အင်တန်ရုံစားရပါသည်။ မော်ကွန်းထိန်းဘို့မှာ မြို့မ ဥပစာနယ်ဘွင်းစားမြေရှိသည်။ ၎င်းမှာ——

အရှေ့ကို ထနောင်းကန် ရွာမြေစပ် ဘုရားကုန်းထိ၊ တောင်ကို မန်ကျည်းခါးလှ အခြား အနောက်ကို ကျောက်ကျုံနှုဖူးအထိ၊ မြောက်ကို မင်းလမ်း စချီမြေစပ် ဖြစ်သည်။ နယ် ၄ ရပ်မှာ အရှေ့အနောက် တဘိုင်ခန့်၊ တောင်မြောက် တဘိုင်ခန့်ဖြစ်ပါသည်။

၎င်းမြေကို မော်ကွန်းထိန်းတို့ကိုယ်တိုင် လုပ်စားသည် သို့မဟုတ် သူငှါး၍ လုပ်စားသည်ကို အတိအကျ မသိရပါ။

မြစ်ရိုး တိုင် ၄ ရိုးမှာ စစ်ပင် စည်ပင် ထုံးနှင့် သပြေရိုးများ ဖြစ်ပါသည်။ ၎င်းတွင် စစ်ပင်ရိုးနှင့် ထုံးရိုးတို့မှာ တိမ်မြုပ်၍ စည်ပင်ရိုးမှာသည်း ပြတ်လပ်နေ၏။ သပြေရိုးမှာ ဦးစံညွှန့်ဖြစ်သည်ဟု ၁၁၂၇ ခု စစ်တန်းက ထွက်ဆိုသည်။ ၎င်းတို့မှာ တံငါလုပ်ငန်းမှ အခွန်အကောက် ကောက်ခံသူများဟု ဆိုရပေမည်။ ၎င်းတို့ ကောက်ခံရသည့် အခွန်များမှာ——

ပိုက်တဖေါင်မှ တနှစ်လျှင်	....	ငွေ ၂ိ ၂ံ
ခြေလှည့်ပိုက်တဖေါင်မှ တနှစ်လျှင်		ငွေ ၂ိ
စုံကွန်ကြီး ၁ မှ တနှစ်လျှင်	....	ငွေ ၂ိ
၃ လှာကွန် ၁ မှ တနှစ်လျှင်	....	ငွေ ၁ိ
ပိုက်တန်းမှ တနှစ်လျှင်	....	ငွေ ၁ိ ၁ံ
မြုံးတခုမှ တနှစ်လျှင်	....	၃ဲ

စီကောက်ခံ၍ တနှစ်လျှင် ခွန်သေငွေချော ၆ိ ကို ကသောင်းမြောင်းတိုက်တော်သို့ ဆက်သွင်းရသည်။

တည် ၂ ရိုး ကုန်းတည်နှင့် ကျင်းတည်ရှိသည်ဟု ၁၁၂၇ ခု စစ်တန်းကဆိုသည်။ ၎င်းစစ်တန်း သိမ်းခံချိန်က ဒေါ်လွမ်းပေသည် ကုန်းကျင်း၊ ၂ တည်လုံးကို ကောက်ခံသည်။ ၁၁၄၅ ခု စစ်တန်းရေးစစ်ချိန်က တည်ရိုးမရှိဘဲ ပြတ်လပ်နေလေပြီ။ ကုန်းတည်ကောက်ရိုးမှာ——

လှည်း ၁ လျှင် ၂ တင်း ဝန်တင်ကို ငွေ ၂ဲ ကျစီနှင့် ပခုံးထမ်း ခေါင်းရွက်တို့ကို အင်တန်ရုံ ကောက်ခံ၍ တနှစ်ကို ခွန်သေငွေ ၄၅ိ အရာတော် ဆက်သွင်းရသည်။

ကျင်းတည်မှာ——

လှေ အချိန် ၃၀၀ ဝင်လျှင် ငွေ ၁ံ။
လှေ အချိန် ၆၀၀ ဝင်လျှင် ငွေ ၁ိ။

လှေအရွယ်အစားကိုလိုက်၍ ကောက်ခံရသည်။ ချင်ဝန်ရောင်းဝယ်လျှင် ဝယ်သူ တတင်းလျှင် တဆုတ်စီ ကောက်ခံ၍ တနှစစေ့လျှင် အခွန်သေငွေချော ၄၅ိ အရာတော် ဆကသွင်းရပါသည်။

ပွဲရိုးမှာဘရိုးသာရှိပါသည်။[၁၃၇] ၎င်းဘို့အခွန်ကောက်ခံပုံမှာ——

ငွေ ၁ ပိဿာဖိုးရောင်းလျှင် ရောင်းသူ ငွေ ၂ံ ဝယ်သူ ၂ံ၊
ဖျင်ရောင်းလျှင် ရောင်းသူ ၁ံ ဝယ်သူ ၁ံ၊
ကျွန်းခေါင်း ငွေ ၁ံ၊
ကျွဲ နွားမြီး ငွေ ၁ဲ၊

စီကောက်ခံ၍ တနှစ်စေ့လျှင် အရာတော်သို့ ခွန်သေကြေး ၇၅ိ ဆက်သွင်းရပါသည်။ ၄၅ ခု စစ်တန်းယူစဉ်က ပွဲရိုးမှာ ပြတ်လပ်လျက်ရှိသည်။ ရိုးရာအလိုက် ကူးတို့ ၄ ရိုးရှိသည်ဟု တွေ့ရသော်လည်း အမည်အားဖြင့် ၃ ခုသာတွေ့ရ၍၊ ဂင်္ဂါ၊ ကောင်းမည့်နှင့် အောင်သာတို့ ဖြစ်ကြပါသည်။ အောင်သာ ကူးတို့ရိုးမှာ တိမ်မြုပ်နေ၍ ဦးကလေးဆိုသူက ၁၁၂၆ ခုက စ၍ ပိုသည်။ ကောင်းမည်ကူးတို့မှာ ဆက်ခံသူမရှိသောကြောင့် နိုးငပ်သူ ဒေါ်ပြည့်စုံကပိုသည်။ ဂင်္ဂါကူးတို့မှာ အထိန်းမင့်၍ မပိုရချေ။ ကူးတို့ခမှာ——

လူတယောက်လျှင် ဆန်တစလယ်၊ နွား ၁ လျှင် ငွေ ၁ ပဲ၊
မြင်း ၁ လျှင် ငွေ ၁ မတ်

တို့ဖြစ်ပါသည်။

ဤကဲ့သို့ ကူးတို့ခများကို ကောက်ခံ၍ တနှစ်လျှင် ကြေး ၂၅ိ ခန်သေ ကသောင်းမြောင်တိုက်မှာ ဆက်သွင်းရသည်။

ပုဂံမြို့ကို အုပ်ချုပ်ရာ၌ လွယ်ကူစိမ့်သောငှါ မြို့မကို တာဝေ၍ အုပ်ချုပ်ပါသည်။ ဝေပုံမှာ အရှေ့ အနောက် တောင် မြောက် ၄ မျက်နှာဝေ၍ တမျက်နှာလျှင် မင်းသား ၁၊ ပြည်စိုး ၁၊ စချီ ၁၊ စိုးကဲ ၁ တို့က အုပ်ချုပ်ရပါသည်။ ထိုကဲ့သို့ အုပ်ချုပ်ရသည့် မြို့ဥပစာတွင် ၆ ရွာရှိရာကား၊ ၎င်းတို့မှာ (၁) တန့်ကြီးရွာ၊ (၂) ဆိုရွာ၊ (၃) ကူရွာ၊ (၄) ရွာနောင်၊ (၅) ကွန်းစင်ကြယ်၊ (၆) ညောင်လှ တို့ဖြစ်ပါသည်။ ၎င်းအပြင် ပုဂံမြို့ကျေးတွင် တောင်ဖက်တန်း ၂၇ ရွာ၊ တောင်ပုံတန်း ၁၇ ရွာ၊ ကျော်တန်း ၁၀ ရွာ၊ အကြေ ၉ ရွာနှင့် အညာ ၉ ရွာတို့ရှိပေသည်။ [၁၃၈]

စဥ့်ကူမြို့နှင့် ရွာသာမြို့တို့သည်လည်း ပုဂံမြို့ စီရင်စု အပါအဝင်များဖြစ်ကြသည်။ စဥ့်ကူမြို့တွင် မြို့သူကြီးတရိုးတည်းရှိသည်။[၁၃၉] စဥ့်ကူမြို့တွင် ပြည်စိုးရိုးမရှိသော်လည်း မြေတိုင် [၁၄၀] ရိုးအများနှင့် အင်တိုင် ကိုင်းတိုင် မြစ်ရိုးတိုင် များရှိသည်။[၁၄၁] ရွာသာမြို့တွင် မြို့သူကြီး တရိုးနှင့် ရွာငယ်များတွင် သူကြီးငယ်နှင့် မြေတိုင်များရှိကြသည်။

ပုဂံမြို့ စီရင်စုတွင် ဝတ်မြေ မင်းမြေ စသည်ဖြင့် မြေ အမျိုးမျိုး အစားစား ရှိပေသည်။ ရှေးဦးစွာ ဝတ်မြေများ အကြောင်းကို ဖေါ်ပြပါမည်။

မြို့မဥပစာတွင် မင်္ဂလာစေတီ၊ လောကနန္ဒာစေတီ၊ ဆံတော်ရှင်၊ စကားကျောင်း၊ စည်သူကျောင်း၊ ပင်လယ်ကျောင်း၊ တရှင်းစွယ်တော်ရှင်၊ပင်လင်ရန်အောင်ကျောင်းနှင့်ရှေ့ကျောင်းဝတ်မြေများ ရှိပါသည်။ တောင်ဖက်တန်း ၂၇ ရွာတွင် တုရှင်းစွယ်တော်ရှင် ဘုရားဝတ်မြေ-ကုက္ကိုရွာမ ကုန်းပြာရွာ၊ ကျဲမိုးရွာ၊ ညောင်ချစ်ရွာ၊ ပင်လင်ရွာ၊

တောင်ခွင်ရွာ၊ လက်ပံရွာ၊ မင်းနံ့သူဘုရားဝတ်မြေ -သဖန်းခါးရွာ၊ ညောင်ဦးရွာ၊ ဖွားစောကျောင်း ဝတ်မြေ-ပျွန်ရွာ၊ ကန်စောင်းရွာ၊ လှိုင်ရွာ၊ စကားကျောင်း ဝတ်မြေ-လက်ပံရွာ၊ ဘူးရိုးရွာ၊ မြေသင်းတွင်းရွာ၊ ပုဂံမြို့စားကျောင်းဝတ် မြေ-ညောင်များရွာ၊ ညောင်နွယ်ကျောင်းဝတ်မြေ-လက်ထုတ်ရွာ၊ စည်သူကျောင်းဝတ်မြေ-တက်နွယ်ချောင်းရွာ၊ ပြာသာဒ် လှကျောင်းမြေ-မြေနဲရွာ၊ ငှက်ပစ်တောင် ကျောင်းမြေ-ညောင်ဦးရွာ၊ ပုဂံ ရွှေကျောင်းမြေ-စည်သာရွာ ကမ္မနီရွာ၊ ညောင်ချစ်ရွာ၊ ပလင်ရွာ၊တောင်ခွင်၊ မင်းနန်သူကျောင်း ဝတ်မြေ-ညောင်ဦးရွာ၊ တုတ်လှကျောင်းမြေ....ရွာ

စသည်တို့ဖြစ်၏။ တောင်ဖက်တန်း ၂၇ ရွာ၌ ဝတ်မြေအပြင် အခြားမြေများ မရှိချေ။ ဒန့်ကျင်ရွာ၌ ဝတ်မြေချည်း ဖြစ်သော်လည်း မည်သည့် ဘုရားကျောင်း ဝတ်မြေဖြစ်သည် ကိုကား မသိရချေ။ စစ်တန်းများတွင် ညောင်ဦးရွာ၌ ရွှေစည်းခုံ ဝတ်မြေရှိသည်ဟု မလာရှိသော်လည်း အကယ်စင်စစ် ရွှေစည်းခုံ ဝတ်မြေရှိသည်။ ထိုဝတ်မြေကြောင့် ကုန်းဘောင် ခေတ်ဦးတွင် ပုဂံစည်သူနှင့် မင်းစစ်သား တရားဖြစ်ကြသည်။ စိတ်ဝင်စားဘွယ် ဖြစ်သောကြောင့် ဤအမှုကို ထပ်မံဖေါ်ပြ ပါမည်။ ရွှေစည်းခုံ ဝတ်မြေတာ ၇၀၀ တွင်း၌ ဖြစ်ပေါ်သည့်အပေါ် ဝန် အကောက်အစား တရားကွမ်းဘိုး တို့ကို ပုဂံ စည်သူနှင့် ညောင်ဦး မင်းစစ်သား နှစ်ဦးလုံးက စားလိုကြသည်။ ထို့ကြောင့် တရားဆိုင်ကြရာ အဆုံးစွန်၌ ဒိပဲယင်းမင်း [၁၄၂] ကြားသည်အထိဖြစ်လေ၏။ ထိုအခါ ဒိပဲယင်းမင်းက နှစ်ဦးလုံးကို ရေလားစေဟု စီရင်လေ၏။ ရှင်ပြိုင်၍ ရေငုတ်ကြလျှင် ပုဂံစည်သူ ရှုံးသောကြောင့် စစ်သားပိုင်စေ ဆုံးဖြတ်ချက်ရသည်။ဤသို့ဆုံးဖြတ်သည်ကား ၁၁၂၄ ခု၊ တော်သလင်းလဆန်း ၁၄ ရက်နေ့ဖြစ်သည်။ [၁၄၃] မြေတူးမင်း [၁၄၄] လက်ထက် ရောက်သောအခါ ပုဂံဝန် ညောင်ဦး သူကြီးတို့နှင့် စစ်သားတို့ တဖန်ထပ်၍ အငြင်းပွါးကြပြန်ရာ၊ သည်ခါတွင် ဘုရင်မင်းမြတ်က အဆုံးအဖြတ်မပေးဘဲဘိုးတုလွှတ် ဆရာတော်အား အမှုနှင်းအပ်လိုက်၏။ ဆရာတော်သည်လည်းရှေးစာတန်းများ အဆိုအမိန့်ကို စိစစ် လေ့လာ၍ စစ်သားကို နိုင်စေဟု ၁၁၃၄ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့ [၁၄၅] အဆုံးအဖြတ်ပေးပြန်သည်။ ဗဒုံမင်း [၁၄၆] မင်းပြုသော် အထက်ဖြတ်စာရှိသည့်အတိုင်း ကျောက်စာရေးထိုး စေသည်ကား ရွှေစည်းခုံ ဝတ်မြေတွင်း၌ ဖြစ်ပေါ်သမျှသော အဖိုးအခွန် အပေါ်ဝန် အကောက်အစားတရားကွမ်းဘိုး ခိုးစစ်ရိုးမှု ဆိပ်တည်ပွဲကူးတို့ ဈေးဆိုင်ကန္နား အကောက်အစား များကို စစ်သားများကသာ စီရင်ကောက်သိမ်း၍ ဘုရားရှင်မှာ ဆီမီးဝတ် သင်ပုတ်ဝတ် မပြတ်ပူ၍ ပြင်ဆင်ရန် ရှိသည်များကိုလည်း ပြင်ဆင်ရမည်ဆို၏။ [၁၄၇] ၁၂၀၅ ခု၊သာယာဝတီမင်း ရွှေစည်းခုံဘုရား၌ကျောက်စာ ထိုးသောအခါ ကျွန်သီးတော်အကြီး စစ်သားအမည်မှာ ဦးရွှေမောင် ဖြစ်၍ ၎င်း၏ သားမှာ မောင်ဘဲဖြစ်လေသည်။ [၁၄၈]

တောင်ဖက်တန်း ဝတ်မြေများတွင် တောင်ယာ ပဲခင်း လူးပြောင်းဆပ် စိုက်ပျိုးကြသည်။ ဆပ်ကို ပျွန်ရွာ၊ ကန်စောင်ရွာနှင့် ညောင်များရွာ တို့တွင်သာ စိုက်သည်။ ပြောင်းမှာ အများဆုံး စိုက်ပျိုးကြ၍ ပဲခင်းနှင့် လူးများကိုမူ ပြောင်းလောက် စိုက်ပျိုးခြင်း မရှိပေ။ ၎င်းစိုက်ခင်းများ အပေါ်တွင် ကောက်ခံသည့်အခွန်မှာ အများအားဖြင့် ဆယ်ခိုင်တခိုင် ဖြစ်၍ ရေစား တိုင်စား အမျိုးမျိုးရှိသည်။ အချို့ရွာများတွင် ရေစား ၁ဲ တိုင်စား ၀ိ။ [၁၄၉] အချို့တွင် ရေစား ၀ိ တိုင်စား ဂံ။ [၁၅၀] အချို့ရွာ များတွင် ရေစား ၁ံ တိုင်စား ၀ိ။ [၁၅၁] အချို့တွင် ရေစား ဂံ တိုင်စား ၀ိ။ [၁၅၂] ရေစား ၀ိ ဆော်စား ၀ိ [၁၅၃] စသည်ဖြင့် အမျိုးမျိုးရှိသည်။ အချို့မြို့ရွာများ၌မြေခွန် မရှိချေ။ [၁၅၄] တရွာတွင် ယာတခင်းလျှင် ကြေး ၇၅ ရေစား ၂၅ တိုင်စား ၂၅ စုစုပေါင်း ၁၂၅ ဖြစ်သည်။ [၁၅၅] လက်ထုပ်ရွာတွင် အစုပ်လယ် ၁၀ တွင်းရှိရာမှ မြေခွန်မှာ ဆယ်ခိုင် တခိုင်နှင့် ရေစား ဂံ တိုင်စား ၃ိ ဖြစ်ပါသည်။

တောင်ပုံတန်း ၁၇ ရွာတွင် ဝတ်မြေအပြင် အခြားမြေများ မရှိချေ။ ဝတ်မြေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သခ်ယာကျောင်းမြေ	....	တောင်ပုံရွာ။
စာသင်တရာကျောင်းမြေ	....	ညောင်လှရွာ။
စကားကျောင်းမြေ	....	ကျပ်ရွာ၊ မြစ်ချေရွာ၊ ရေမျက်ရွာ၊ ရေလားရွာ၊ လက်ပြရွာ၊ ရေကြည်ရွာ၊ ပျင်ရွာ နှင့် စပေရွာ။
ပုဂံ ကျောင်းမြေ	....	ဇီးကုန်းရွာ။
ပုဂံတ် ကျကျောင်းမြေ	....	ဖလံအိုရွာ။
ကူဘုရားမြေ	....	ကူရွာ။
ရွှေစည်းခုံမြေ	....	ဖေါင်ခွဲရွာ။

၁၁၄၅ ခု စစ်တန်းအရ တောင်ပုံတန်းတွင် မင်္ဂလာ စေတီ၊ ပုဂံဆရာတော်ကျောင်းနှင့်မျှားသကျောင်းဝတ်မြေတို့လည်းရှိသည်ဆို၏။ ယင်းဝတ်မြေများတွင် တောင်ယာ ပဲခင်း လူးပြောင်း ဆပ်များ စိုက်လေ့ရှိသည်။ ပဲခင်းကို အများဆုံး စိုက်ပျိုး၍ လူးနှင့် ပြောင်းမှာ တန်ရုံသာ စိုက်ပျိုး၍ ဆပ်ကို တရွာ [၁၅၆] တွင်သာ စိုက်ပျိုးပါသည်။ မြေခွန်မှာ ဆယ်ခိုင့်တခိုင် ဖြစ်၍ ရေစား တိုင်စား အမျိုးမျိုးရှိသည်။ ရေစားတိုင်စား ၀ိ [၁၅၇] ရေစား ၀ိ တိုင်စား ၀ိ [၁၅၈] ရေစား ၁ံ တိုင်စား ၀ိ [၁၅၉] ရေစား ၁ တိုင်စား ဂံ [၁၆၀] ရေစား ဂံ တိုင်စား ၀ိ [၁၆၁] ရေစား တိုင်စား ဂံ [၁၆၂] စသည်တို့ဖြစ်ပါသည်။

ငကျော်တန်း ၁၀ ရွာတွင် ဘုရားကျောင်းဝတ်မြေ အပြင် အခြားမြေမရှိချေ။ ရှိသည့် ဝတ်မြေများမှာ——

ပုဂံရွှေကျောင်းမြေ	....	ငကျော်ရွာ။
ရွှေစည်းခုံဘုရားမြေ	....	မြင်းဝန်ရွာ။

Click Here To Continue Page